တည်းဖြတ်မထားသော အစီရင်ခံစာ

ဖြန့်ချီ - အများဖတ်ရှုနိုင်ရန်
၂၄ ရက်၊ ဖေဖဝါရီလ၊ ၂၀၂၃ ခုနှစ်

မူရင်း ဘာသာစကား - အင်္ဂလိပ်


**လူ့အခွင့်အရေး ကောင်စီ**

**ငါးဆယ့်နှစ်ကြိမ်မြောက် အစည်းအဝေး**

၂၇ ရက်၊ ဖေဖဝါရီလ - ၃၁ ရက်၊ မတ်လ၊ ၂၀၂၃ ခုနှစ်

အစီအစဉ် အမှတ် ၂ နှင့် ၄

**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံး၏ နှစ်အလိုက် အစီရင်ခံစာ**

**ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ အာရုံစိုက်မှု လိုအပ်နေသော လူ့အခွင့်အရေး အခြေအနေ**

# ၂၀၂၂ ခုနှစ်၊ ဖေဖဝါရီလ၊ ၁ ရက်နေ့မှ လက်ရှိအချိန်အထိ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာ*


*အနှစ်ချုပ်*

လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၄၇/၁ အရ ပြင်ဆင်ထားသည့် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ ရက်နေ့အတွင်း ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ဦးတည်ရာနှင့် ပုံစံတူ အခင်းအကျင်းများကို ဖော်ပြထားပါသည်။ အာဏာသိမ်းပြီး နှစ်နှစ်အကြာတွင် မြန်မာစစ်တပ်သည် အာဏာသိမ်းမှု ဖီဆန်သော အတိုက်အခံများအား သတ်ဖြတ်ခြင်း၊ တရားလက်လွတ် ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဓမ္မ အစဖျောက်ခြင်း၊ တရားစွဲခြင်းနှင့် စီရင်ချက်ချခြင်းများ ကဲ့သို့ အကြမ်းဖက်နည်းများအား အဆက်မပြတ် အသုံးချခြင်းဖြင့် တိုင်းပြည်ကို လူ့အခွင့်အရေး အကျပ်အတည်းသို့ အစဉ်တစိုက် တွန်းပို့နေပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူအားလုံး၏ အခြေခံ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ရရှိခံစားနိုင်စေရန် အတွက် တိကျသေချာသော လုပ်ဆောင်ချက်များ အရေးတကြီး လိုအပ်နေပါသည်။ အစီရင်ခံစာသည် မြန်မာစစ်တပ် အာဏာပိုင်များ၊ 'အမျိုးသား ညီညွတ်ရေး အစိုးရ' နှင့် နိုင်ငံတကာ အသိုင်းအဝိုင်း အပါအဝင် သက်ဆိုင်ရာ လူပုဂ္ဂိုလ် အဖွဲ့အစည်းများ အားလုံးသို့ အကြံပြုတိုက်တွန်းထားပါသည်။


* နောက်ဆုံးရ အချက်အလက်များအား ထည့်သွင်းဖော်ပြနိုင်ရန် အလို့ငှာ လက်ရှိ အစီရင်ခံစာအား နောက်ဆုံး တင်သွင်းရမည့် နေ့အား ကျော်လွန်၍ တင်သွင်းခဲ့ပါသည်။

# ၁။ အဖွင့်မိတ်ဆက်နှင့် နည်းစနစ်

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၄၇/၁ အရ မြန်မာနိုင်ငံ ဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား၏ ဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်၏ အစီရင်ခံစာများအား ဖြည့်စွက်ပံ့ပိုးပေးရာတွင် လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်၏ အကြံပြု တိုက်တွန်းချက်များ သာမက တာဝန်ခံမှု ရှိရေးတို့အား အကောင်အထည် ဖော်ဆောင်မှု အပေါ် စောင့်ကြည့်လေ့လာရန်၊ ဆက်လက် အစီရင်ခံရန်နှင့် ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား လူနည်းစုတို့၏ အခြေအနေ အပါအဝင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ဆိုင်ရာ ဖြစ်စဉ်အား ဆက်လက် ခြေရာခံ လေ့လာရန် ရည်ရွယ်၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ၅၂ ကြိမ်မြောက် အစည်းအဝေးတွင် အစီရင်ခံစာ တစ်စောင်အား ကျွမ်းကျင်ပညာရှင်များ၏ ပံ့ပိုးမှုဖြင့် ရေးသားတင်သွင်းရန် လူ့အခွင့်အရေး ကောင်စီက ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးအား တောင်းဆိုခဲ့ပါသည်။

၂။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးသည် ၂၀၂၂ ခုနှစ်၊ ဖေဖဝါရီလ၊ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၁ ရက်နေ့ အထိ မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေး အခြေအနေများအား ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားကာ ၎င်းတွင် မြန်မာစစ်တပ်နှင့် အခြား အုပ်စုတို့က ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် ဆက်စပ်သည့် အတည်ပြုထားသော ပုံစံတူ အခင်းအကျင်းများအား ခွဲခြမ်းစိတ်ဖြာထားပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု ဥပဒေ ချိုးဖောက်မှုနှင့် စပ်လျဉ်း၍ သင့်လျော်သော ဦးတည်ရာနှင့် ပုံစံတူ အခင်းအကျင်းများကိုလည်း ဤအစီရင်ခံစာတွင် မီးမောင်းထိုးဖော်ပြထားပါသည်။

၃။ OHCHR သည် ထိခိုက်သေဆုံးသူများ၊ ရှင်သန်ကျန်ရစ်သူများ၊ မျက်မြင်သက်သေများ၊ ဂြိုလ်တု ဓာတ်ပုံများ ကဲ့သို့ ပင်မ ရင်းမြစ်များနှင့် အတည်ပြုနိုင်သော ဆင့်ပွား ရင်းမြစ်များ[1] မှ သက်သေခံချက်များနှင့် အချက်အလက်များကို စုဆောင်းခဲ့ပြီး ၎င်းတို့အားလုံးကို OHCHR ၏ စံနှုန်း နည်းစနစ်နှင့် အညီ ယုံကြည်စိတ်ချရသော ဆန်းစစ်လေ့လာမှု ပြုခဲ့ပါသည်။ OHCHR သည် မြန်မာနိုင်ငံသို့ ဝင်ရောက်ဆောင်ရွက်ခွင့်မရှိသဖြင့် ၎င်း၏ မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်များအား အဝေးမှ ဆောင်ရွက်ခဲ့ပါသည်။ ဒေသလိုက်၊ ကာလကြာရှည် အင်တာနက်လိုင်း ဖြတ်တောက်မှုများ ကဲ့သို့ အထင်ကရ အခက်အခဲများရှိသော်လည်း မြေပြင်မှ သတင်းရင်းမြစ်များနှင့် တွေ့ဆုံမေးမြန်းမှု စုစုပေါင်း ၉၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ OHCHR သည် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အကြောင်းအရာ အလိုက် ကျွမ်းကျင်သူများနှင့် အခြား သက်ဆိုင်ရာ ဆွေးနွေးသူများနှင့်အတူ သမားရိုးကျနှင့် အလွတ်သဘောဆန်သော ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ဤအစီရင်ခံစာတွင် ကုလသမဂ္ဂ စနစ်အတွင်း ပုံမှန် ပူးပေါင်းဆောင်ရွက်မှု၊ ဒေတာနှင့် သတင်း အချက်အလက် စီးဆင်းဖလှယ်မှု အကြောင်းကိုလည်း ထင်ဟပ်နေပါသည်။ OHCHR သည် မြန်မာစစ်တပ် အာဏာပိုင်များနှင့် 'အမျိုးသား ညီညွတ်ရေး အစိုးရ'သို့ မေးခွန်းများ ပေးပို့ခဲ့ပြီး ၎င်းတို့၏ တုံ့ပြန်ဖြေကြားမှုများကို ဤအစီရင်ခံစာတွင် အတိအလင်း ကိုးကား ဖော်ပြထားပါသည်။

[1] ၎င်းတွင် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အဖွဲ့ (AAPP)မှ ဒေတာများနှင့် Armed Conflict Location and Event Data Project စီမံကိန်းမှ တဆင့် ပေးသည့် သတင်းအချက်အလက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

၄။ မြန်မာနိုင်ငံတွင်းရှိ ပြည်သူများသည် ကာကွယ်စောင့်ရှောက်ရေးနှင့် ပုဂ္ဂိုလ်ရေး ဘေးကင်း လုံခြုံမှု ဆိုင်ရာ ဘေးအန္တရာယ်များအား အစဉ်တစိုက် ကြုံတွေ့ရင်ဆိုင်ရသည် ဖြစ်ရာ OHCHR သည် အခြား ထည့်သွင်းစဉ်းစားချက်များ အားလုံးထက် ၎င်းနှင့် တွေ့ဆုံဆွေးနွေးသူများ၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးပါသည်။ သက်ဆိုင်ရာ အဖြစ်အပျက်များ အမှန်တကယ် ဖြစ်ပွားခဲ့သည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များ ရှိသည့် ဖြစ်ရပ်များနှင့် ပုံစံတူ အခင်းအကျင်းများကို လက်တွေ့ကျကျ ဆန်းစစ်လေ့လာခဲ့ပါသည်။ ထိခိုက်သေကြေမှု ဆိုင်ရာ ကိန်းဂဏန်း စာရင်းများသည် မြေပြင်ရှိ ဖြစ်ရပ်မှန် အခြေအနေအား လျှော့ပေါ့၍ ဖော်ပြခြင်းမျိုး ဖြစ်နိုင်ပါသည်။

## ၂။ နောက်ခံ အခင်းအကျင်း

၅။ မြန်မာစစ်တပ်က အာဏာသိမ်းပြီး နှစ်နှစ်အကြာတွင် မြန်မာနိုင်ငံ အဝှမ်းရှိ ပြည်သူများသည် နေ့စဉ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရင်ဆိုင်ကြုံတွေ့နေရဆဲ ဖြစ်သည်။ မြန်မာစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAO) အကြား ယခင် ဖြစ်ပွားဆဲ လက်နက်ကိုင် ပဋိပက္ခ အချို့ ပြန်လည် စတင်လာစဉ်တွင် အကြမ်းဖက်မှုများသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လာ၍ မြန်မာနိုင်ငံ၏ ပဋိပက္ခ အခင်းအကျင်းကို သိသိသာသာ ပြောင်းလဲသွားစေကာ အရပ်သားများအား အကာအကွယ်ပေးရန် စိုးရိမ်မှုများ မြင့်တက်လာခဲ့ပါသည်။ ငြိမ်းချမ်းရေး ရရှိရန်နှင့် အခြေအနေအား ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရန် ကမ္ဘာအဝှမ်းမှ အရေးဆိုတိုက်တွန်းမှုများ ရှိသော်လည်း အလေးမထားသည့် အခြေအနေတွင် ဆက်လက်ရှိနေပြီး အရေးယူခံရမှုမှ အစဉ်တစိုက် လုံးဝ ကင်းလွတ်နေသောကြောင့် မြန်မာစစ်တပ်သည် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့် အခြေခံမူများအား ထပ်ကာထပ်ကာ လစ်လျူရှုကြောင်း ပြသနေပါသည်။

၆။ ၂၀၂၁ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၂၂ ခုနှစ်၊ တစ်နှစ်လုံးတွင် မြန်မာစစ်တပ်က အရပ်ဘက် စစ်ဘက် ပစ်မှတ်မခွဲခြားဘဲ လေကြောင်းတိုက်ခိုက်မှုများနှင့် အဝေးပစ် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ အရပ်သားလူထုတို့ နေရပ်စွန့်ခွာ တိမ်းရှောင်စေရန် ရည်ရွယ်၍ ကျေးရွာ အမြောက်အများအား မီးရှို့ဖျက်ဆီးခြင်းနှင့် လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီပေးခွင့်အား ငြင်းဆန်တားဆီးသည့် “ဖြတ်လေးဖြတ်” ဗျူဟာ[2] ကို ကျင့်သုံးခြင်းနှင့် အတူ မြန်မာနိုင်ငံအဝှမ်း အထူးသဖြင့် နိုင်ငံ၏ အနောက်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်း ဒေသများတွင် အကြမ်းဖက် သတ်ဖြတ်မှုများ ပိုမို ပြင်းထန်လာပါသည်။ မြန်မာစစ်တပ်သည် ၎င်းတို့အား ဆန့်ကျင်သည်ဟု ယူဆသည့် လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထု အသိုက်အဝန်းများအား အရေးယူ ဒဏ်ခတ်ရာတွင် ၎င်းသည် အာဏာသိမ်းမှု ဆန့်ကျင်သည့် အတိုက်အခံများကို ပစ်မှတ်ထားရန်နှင့် မြန်မာ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် တစ်တပ်တစ်အား အထောက်အကူပြုသည့် အရပ်ဘက်လူမှု အခန်းကဏ္ဍကို တင်းကျပ်စွာ ကန့်သတ်ရန် ရည်ရွယ်သည့် စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများ[3]အား သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

၇။ မြန်မာစစ်တပ်သည် ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများ မှတစ်ဆင့် ပါတီစုံ ဒီမိုကရေစီ စနစ်ကို ပြန်လည်ထူထောင်ရန် ကတိကဝတ် ပြုထားသော်လည်း ၎င်း၏

[2] မြန်မာစစ်တပ်၏ “ဖြတ်လေးဖြတ်” ဗျူဟာကို အစိုးရ မဟုတ်သော လက်နက်ကိုင် အဖွဲ့များအား စားနပ်ရိက္ခာ၊ ငွေကြေး၊ ထောက်လှမ်းရေး သတင်းနှင့် လူသစ် စုဆောင်းခြင်း မရနိုင်ရန် အရပ်သားများအား အပြစ်ပေးခြင်း၊ သတ်ဖြတ်ခြင်း၊ ကျေးရွာတစ်ခုလုံးကို မီးရှို့ဖျက်ဆီးခြင်းနှင့် ဒေသခံ လူထုအား နေရပ်စွန့်ခွာထွက်ပြေးစေခြင်း စသည့် မြေလှန်ဖျက်ဆီးသော နည်းကို အသုံးပြုခြင်း ဖြစ်သည်။

[3] https://bangkok.ohchr.org/ngo-law-myanmar/

အတိုက်အခံများအား အကြမ်းဖက်သမား အဖြစ် လူသိရှင်ကြား သတ်မှတ်ကာ တရားလက်လွတ် ဖမ်းဆီးပြီး နိုင်ငံတော် သစ္စာဖောက်မှု၊ ပုန်ကန်မှု၊ သွေးထိုးလှုံ့ဆော်မှု သို့မဟုတ် အခြားပြစ်မှုများဖြင့် တရားမျှတမှု လုပ်ငန်းစဉ် အင်္ဂါရပ် ကင်းမဲ့သော လျှို့ဝှက်တရားရုံးများတွင် တစ်ဖက်သတ် တရားစွဲဆိုခဲ့ပါသည်။ ဖော်ပြပါ ဖြစ်ရပ်များမှာ အကြမ်းဖက် သတ်ဖြတ်ခြင်း၊ ဥပဒေမဲ့ ကွပ်မျက်ခြင်း၊ သေဒဏ်စီရင်မှု ကျင့်သုံးခြင်း၊ အဓမ္မ အစဖျောက်ခြင်း၊ တရားလက်လွတ် ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်အကြမ်းဖက်ခြင်းနှင့် တရားရုံး၌ မျှတစွာ အမှုရင်ဆိုင်ခွင့်အား ငြင်းပယ်ခြင်း တို့အပြင် အခြား ချိုးဖောက်မှုများအား နောက်ခံထား၍ ဖြစ်ပွားနေပါသည်။ အာဏာသိမ်းပြီး နောက်ပိုင်း မြန်မာစစ်တပ်နှင့် ၎င်း၏ ဆက်နွယ်သူများကြောင့် သေဆုံးသူ ၂,၉၄၀ ဦးနှင့် ဖမ်းဆီးမှုပေါင်း ၁၇,၅၇၂ ကြိမ်ရှိခဲ့ကြောင်း ခိုင်လုံသော သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။[4]

၈။ ကုလသမဂ္ဂ ကိန်းဂဏန်းများ အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် လူဦးရေ တစ်သန်းကျော်မှာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး လက်ရှိအချိန်တွင် လူဦးရေ ၁၇.၆ သန်းသည် လူသားချင်း စာနာထောက်ထားမှု အကူအညီများ လိုအပ်နေကြောင်း သိရသည်။[5] လက်ရှိတွင် နိုင်ငံ့ လူဦးရေ၏ ထက်ဝက်နီးပါးဖြစ်သော လူဦးရေ ၂၅ သန်းနီးပါးမှာ ဆင်းရဲမွဲတေမှုဒဏ် ခံစားနေကြပြီး[6] အကြမ်းဖက်မှုနှင့် လက်နက်ကိုင် ပဋိပက္ခဒဏ်သင့်ရာ နေရာများသို့ ရိက္ခာ ပေးပို့မှု ဆိုင်ရာ အကန့်အသတ်နှင့် အုပ်ချုပ်ရေး ဆိုင်ရာ ကန့်သတ်ချက် အစီအမံများအား မြန်မာစစ်တပ်က ထပ်မံ ချမှတ်ထားခြင်းကြောင့် ကျေးလက်နေ ပြည်သူများမှာ ငတ်မွတ်ခေါင်းပါးမှု အန္တရာယ်နှင့် ရင်ဆိုင် ကြုံတွေ့နေရသည်။ နိုင်ငံအဝှမ်း၌ ကုန်ပစ္စည်း ပို့ဆောင်ရေး ပင်မ ကုန်းလမ်းကြောင်းများနှင့် ရေလမ်းများကို ပိတ်ဆို့ထားပြီး လူသားချင်းစာနာမှု အဖွဲ့အစည်းများက အကူအညီ လိုအပ်နေသော လူထုထံသို့ မရောက်ရှိစေရန် တားဆီးပိတ်ပင်ထားသည်။[7] ဆယ်စုနှစ်များစွာ ခွဲခြားဆက်ဆံခြင်း ခံခဲ့ရသော ရိုဟင်ဂျာ လူမျိုးများ အပါအဝင် လူနည်းစု အသိုင်းအဝိုင်းများသည် ခွဲခြားဆက်ဆံခြင်းကို ဆက်လက် ရင်ဆိုင်နေရဆဲ ဖြစ်သည်။

၉။ မြန်မာစစ်တပ်သည် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များနှင့် အခြေခံမှုများကို အလေးမထားကြောင်း အစဉ်တစိုက် ပြသနေစဉ်တွင် မြန်မာပြည်သူများသည် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် ၎င်းတို့၏ ခံယူချက်ကို ဆက်လက် ပြသနေဆဲ ဖြစ်သည်။ မြန်မာစစ်တပ် အောက်၌ တာဝန်ထမ်းဆောင်ရန် အစိုးရ ဝန်ထမ်းများက ငြင်းဆန်ပြီး လုပ်ငန်းခွင်မှ အရေအတွက် အမြောက်အများဖြင့် ထွက်ခွာလာကြကာ စစ်တပ် ထိန်းချုပ်သော ကျန်းမာရေးနှင့် ပညာရေး စနစ်မှာ ပြိုလဲလုနီးပါး ဖြစ်ခဲ့သည်။[8] တစ်ချိန်တည်း၌ နိုင်ငံအဝှမ်းတွင် မြန်မာစစ်တပ် ဆန့်ကျင်သော လက်နက်ကိုင် အဖွဲ့များသည် သမားရိုးကျ လက်လုပ်သေနတ်များဖြင့် ၎င်းတို့ကိုယ်ကို လက်နက် တပ်ဆင်လာပြီး ‘အမျိုးသား ညီညွတ်ရေး အစိုးရ’ကလည်း ၎င်းတို့ ထိန်းချုပ်နယ်မြေများတွင် အရည်အသွေး ပြည့်မီသော လက်နက်ကိုင် အဖွဲ့အစည်းများကို ထူထောင်လာသည်။[9] မြန်မာ စစ်တပ် ဆန့်ကျင်ရေး အုပ်စုအဖွဲ့များက အရပ်သားလူထုအပေါ် ကျူးလွန်သည့် အကြမ်းဖက် သတ်ဖြတ်မှု ဆိုင်ရာ တိုင်ကြားစာများကို OHCHR မှ လက်ခံရရှိပြီး စုံစမ်း စစ်ဆေးလျက် ရှိပါသည်။

[4] https://aappb.org/?p=24057

[5] https://reliefweb.int/attachments/d61c6ed6-7901-4dbb-bb1d-a06535bb1276/OCHA%20Myanmar%20-%20Humanitarian%20Update%20No.%2025_final.pdf

[6] https://www.undp.org/press-releases/myanmar-urban-poverty-rates-set-triple-new-united-nations-survey-finds

[7] https://myanmar.un.org/en/216732-myanmar-humanitarian-response-plan-2023-january-2023

[8] A/HRC/50/CRP.1

[9] စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့ဟူသည်မှာ ပြည်သူ့ ကာကွယ်ရေး တပ်များနှင့် အာဏာသိမ်းမှုအား လက်နက်ကိုင် ဆန့်ကျင်သည့် အခြား ဒေသခံ အဖွဲ့များအား ရည်ညွှန်းသည်။

ထိုသို့ ကျူးလွန်မှုများသည် စိုးရိမ်စရာ ကောင်းလာသော်လည်း မြန်မာ စစ်တပ်က ကျူးလွန်ခဲ့သည့် ပြစ်မှု ကြိမ်နှုန်း သို့မဟုတ် အချိုးအစား ကဲ့သို့ ဖြစ်ပွားခြင်းမျိုး မဟုတ်ပါ။

၁၀။ နိုင်ငံတကာ အဆင့်တွင် အရာရောက်သော လုပ်ငန်းစဉ်များအား ဆောင်ရွက်နေသော်လည်း ၎င်းတို့မှာ မြေပြင်၌ အပြုသဘောဆောင်သော သက်ရောက်မှုများ အပြည့်အဝ ဆောင်ကြဉ်းနိုင်ခြင်း မရှိသေးပေ။ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အရှေ့တောင် အာရှနိုင်ငံများ အသင်း (အာဆီယံ)၏ နှစ်ပတ်လည် အစည်းအဝေး၌ မြန်မာစစ်တပ်က အကြီးအကျယ် လစ်လျူရှုထားသည့် ၂၀၂၁ ခုနှစ်၊ "ဘုံသဘောတူချက် ငါးချက်"အား အကောင်အထည် ဖော်ဆောင်ရန် အာဆီယံ အဖွဲ့ဝင် နိုင်ငံများက ထပ်လောင်း အတည်ပြုခဲ့သည်။ ဒီဇင်ဘာလတွင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် ၎င်း၏ ပထမဆုံးသော မြန်မာနိုင်ငံ ဆိုင်ရာ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး အကြမ်းဖက်မှုများအား ချက်ချင်း ရပ်တန့်ရန် တောင်းဆိုခဲ့သည်။ [10] တချိန်တည်းမှာပင် လူမျိုးတုံး လုပ်ဆောင်မှု စာချုပ်အား ချိုးဖောက်သည်ဟု ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား စွပ်စွဲထားသော အမှုတွဲ၌ မြန်မာနိုင်ငံမှ တင်သွင်းသည့် ပဏာမ ကန့်ကွက်မှုများကို အပြည်ပြည်ဆိုင်ရာ တရားရုံးက ပယ်ချခဲ့ပြီးနောက် ၎င်းအမှုတွဲအား ဆက်လက် ကြားနာရန် ဆုံးဖြတ်ခဲ့ကာ ဆက်လက် အမှုစစ်ရန် အတွက် မြန်မာဘက်မှ တရားရုံးတွင် တုံ့ပြန်လျှောက်လဲချက် ပေးမည့် နေ့စွဲအား ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် သတ်မှတ်ခဲ့သည်။[11]

## ၃။ လူ့အခွင့်အရေး အခြေအနေ

### က။ အကြမ်းဖက်မှု၊ လက်နက်ကိုင် ပဋိပက္ခများနှင့် အရပ်သားများအား အကာအကွယ် ပေးခြင်း

၁၁။ ယခင် အစီရင်ခံစာများတွင် ဖော်ပြထားသည့် အတိုင်း ဆိုးရွားလွန်းလှသော လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ ဆက်လက် ဖြစ်ပွားဆဲ ဖြစ်ပါသည်။ မြန်မာစစ်တပ်က လူနေထူထပ်သော နေရာများသို့ အရပ်ဘက် စစ်ဘက် ခွဲခြားခြင်းမရှိဘဲ လေကြောင်း တိုက်ခိုက်မှုများနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများ၊ ကျေးရွာများအား ဝင်ရောက်ဖျက်ဆီးခြင်းနှင့် မီးရှို့ခြင်း၊ တရားလက်လွတ် ဖမ်းဆီးခြင်း၊ ညှင်းပန်းနှိပ်စက်သည့် နည်းအား အသုံးပြုခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ စသည့် လုပ်ရပ်များသည် လူ့အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေအား ချိုးဖောက်မှု ရှိနေသည်ဟု ယုံကြည်နိုင်လောက်သော ကျိုးကြောင်းဆီလျော်သည့် အကြောင်းပြချက်များ ရှိနေပါသည်။ နိုင်ငံအဝှမ်း၌ မြန်မာစစ်တပ်မှ တစိုက်မတ်မတ် ကျင့်သုံးနေသော နည်းဗျူဟာများနှင့် အလွဲသုံးစားပြုမှု ဆိုင်ရာ ပုံစံတူများကို OHCHR က မှတ်တမ်းတင်ထားပြီး ခိုင်မာပြီး ချိတ်ဆက်မှု အားကောင်းသော မြန်မာစစ်တပ်၏ ဖွဲ့စည်းပုံအုပ်ချုပ်ပုံ တစ်ခုအောက်၌ ၎င်းလုပ်ရပ်များအား လုပ်ဆောင်နေကြောင်း၊ မြန်မာစစ်တပ် ခေါင်းဆောင်ပိုင်းက ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်မှုများကို သိရှိကြောင်းနှင့်/သို့မဟုတ် အနိမ့်ဆုံးအဖြစ် ထိုရက်စက်မှုများအား တားမြစ်ကာကွယ်ရန် ပျက်ကွက်ကြောင်း တွေ့ရှိချက်များက အတည်ပြု သက်သေပြနေပါသည်။

၁၂။ အဓိက ဖြစ်ပျက်မှုများအား လေ့လာကြည့်လျှင် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း ကဲ့သို့ ဗမာလူမျိုး အများစု နေထိုင်ရာ အလယ်ပိုင်း ဒေသများသည် အရပ်သား လူထုအတွက် အန္တရာယ် အရှိဆုံး ဒေသ ဖြစ်လာခြင်း၊ ဩဂုတ်လတွင် မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော်တို့ အကြား ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့ပြီး အလွတ်သဘော အပစ်အခတ် ရပ်စဲရေး

[10] S/RES/2669(2022)

[11] https://www.icj-cij.org/public/files/case-related/178/178-20220722-JUD-01-00-EN.pdf

သဘောတူညီချက် ရရှိသည့် နိုဝင်ဘာ ၂၆ ရက်အထိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခြင်း၊ ယခင် ရှိပြီးသား နိုင်ငံတကာ မဟုတ်သည့် လက်နက်ကိုင် ပဋိပက္ခများသည် ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအား ပံ့ပိုးပေးနေသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် မြန်မာစစ်တပ် အကြား ပြန်လည် ဖြစ်ပွားခြင်း၊ မြန်မာနိုင်ငံ၏ အရှေ့တောင် ဒေသ၌ အခြားဒေသနှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်အထိ တည်ငြိမ် အေးချမ်းခဲ့သော တနင်္သာရီ ကဲ့သို့ တိုင်းဒေသကြီးများနှင့် တိုင်းရင်းသား ပြည်နယ်များတွင် မတည်ငြိမ်မှုနှင့် အကြမ်းဖက် သတ်ဖြတ်မှုများ တိုးလာသည်ကို တွေ့ရပါသည်။

၁၃။ ဤအခန်း၌ အစီရင်ခံ တင်သွင်းသည့် ကာလအတွင်း အထူး စိုးရိမ်ဖွယ်ရာ အခြေအနေများနှင့် ဆက်စပ်၍ ကျင့်သုံးသည့် နည်းလမ်းများနှင့် ချိုးဖောက်မှု ပုံစံများအား အသေးစိတ် ဖော်ပြထားပါသည်။

## (၁) မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု

၁၄။ စစ်တပ်အား ဆန့်ကျင်သော လက်နက်ကိုင် အစုအဖွဲ့များ၏ မဆုတ်မနစ် ဆောင်ရွက်ချက်ကြောင့် မြန်မာစစ်တပ်၏ မြေပြင် စစ်ဆင်ရေး စစ်ကြောင်းများ အပေါ် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်စေသည်နှင့် အညီ အတိုက်အခံများအား ချေမှုန်းရန် လေတပ် အင်အားကို အဓိက အခန်းကဏ္ဍ အဖြစ် စစ်ရေးဗျူဟာ အခင်းအကျင်း၌ အသုံးပြုလာပါသည်။ တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသော အခင်းအကျင်းများ အရ မြန်မာစစ်တပ်သည် ၂၀၂၂ ခုနှစ်၊ နှစ်လယ်ပိုင်းမှစ၍ လေကြောင်းတိုက်ခိုက်မှု အပေါ် ပိုမို အားထားလာရသည်။ မြန်မာ စစ်တပ်သည် အိမ်နီးချင်း နိုင်ငံများ၏ လေကြောင်းပိုင်နက် အတွင်းသို့ သုံးကြိမ်ထက် မနည်း ဝင်ရောက်ခြင်း သို့မဟုတ် ပစ်ခတ်ခြင်းများ ရှိခဲ့ကြောင်း သိရသည်။

၁၅။ တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် မြို့ပြနှင့် ကျေးလက်ဒေသရှိ အရပ်သားနှင့် အရပ်ဘက် အဆောက်အအုံများ အပေါ် ထိခိုက်ဆုံးရှုံးမှုများ ရှိခဲ့သည်။ စက်တင်ဘာလ ၁၆ ရက်နေ့၌ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်း ကျေးရွာရှိ စာသင်ကျောင်း တစ်ကျောင်းအား ရဟတ်ယာဉ် လေးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ကလေးငယ် ခြောက်ဦးထက်မနည်း သေဆုံးပြီး ကိုးဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ ယင်းနောက် စစ်သား ၆၀ ခန့်သည် ရဟတ်ယာဉ်ပေါ်မှ မြေပြင်ပေါ်သို့ ဖြန့်ကျက် နေရာယူပြီး ကျေးရွာကို ဝင်ရောက်စီးနင်းကာ ဒဏ်ရာရရှိသွားသော ကလေးများနှင့် ဆရာများအား ဖမ်းဆီးခေါ်ဆောင်မသွားမီ ၎င်းစာသင်ကျောင်းမှ နည်းပညာရှင် တစ်ဦးနှင့် ရွာသား ငါးဦးကို ကွပ်မျက်ခဲ့ကြောင်း သိရသည်။ ထိုသို့ စစ်ဆင်ရေး ဖော်ဆောင်ရခြင်းမှာ *"အဆိုပါ ကျေးရွာ၌ အကြမ်းဖက်သမားများက လက်နက်ခဲယမ်းနှင့် ပေါက်ကွဲရေး ပစ္စည်းများအား မှောင်ခိုသွင်းနေသည့် သတင်းပေး တင်ပြမှုများ"* အပေါ် အခြေခံ၍ ဆောင်ရွက်ခဲ့ရကြောင်း မြန်မာစစ်တပ်က OHCHR သို့ အစီရင်ခံ ဖော်ပြခဲ့သော်လည်း မျက်မြင်သက်သေများက အဆိုပါနေရာတွင် မြန်မာစစ်တပ် ဆန့်ကျင်သော လက်နက်ကိုင် အဖွဲ့များ မရှိကြောင်း အတည်ပြုခဲ့သည်။

၁၆။ နောက်ထပ် အထင်ကရ အဖြစ်အပျက် တစ်ခုတွင် မြန်မာစစ်တပ်သည် စစ်ကိုင်း တိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ မန်ယုကြီး ကျေးရွာရှိ အသစ်ဖွင့်လှစ်ထားသော ဆေးရုံ တစ်ရုံအား အောက်တိုဘာလ ၂၀ ရက်နေ့က လေကြောင်း တိုက်ခိုက်မှုပြုခဲ့ရာ အမျိုးသမီး တစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာ ရရှိခဲ့သည်။ ၎င်းဆေးရုံမှာ တိုက်ခိုက်မခံရမီ တစ်ရက်က ဖွင့်ပွဲ ကျင်းပခဲ့ပြီး ထိခိုက်သေဆုံးသူများ အားလုံးမှာ စေတနာဝန်ထမ်းများသာ ဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ခုက ဖော်ပြထားသည်။

၁၇။ ဤအစီရင်ခံစာ ရေးသားတင်သွင်းသည့် ကာလ၌ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် အဓိက လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိပါသည်။ ဩဂုတ်လ ၉ ရက်နေ့တွင် မြန်မာစစ်တပ်သည် ဆယ်ဇင်း ကျေးရွာအား ဗုံးကြဲပြီးနောက် ဝင်ရောက် စီးနင်းခဲ့ရာ အရပ်သား ၁၆ ဦးထက်မနည်း သေဆုံးခဲ့သည်။ ဂြိုလ်တု ဓာတ်ပုံများ အရ အိမ်ခြေ ၂၀၀ ထက်မနည်း မီးလောင်ခဲ့ကြောင်း အတည်ပြုနိုင်ခဲ့ပြီး နောက်ထပ် ရာနှင့်ချီသော အိမ်များ မီးရှို့ခံခဲ့ရသည် ဟူသော အစီရင်ခံချက်များကို OHCHR က လက်ခံရရှိခဲ့သည်။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် မြန်မာစစ်တပ်သည် အနန့်ပါ ဒေသ၌ ဒေသခံ အနုပညာရှင်များနှင့် ပြည်သူများ တက်ရောက်သော ကချင် လွတ်မြောက်ရေး အဖွဲ့ (KIO) ၏ အခမ်းအနားကို ပစ်မှတ်ထား၍ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုသို့ လေကြောင်းတိုက်ခိုက်မှုအပြီး အသက်ရှင် ကျန်ရစ်သူများအား ရှာဖွေချိန်တွင် မြန်မာစစ်တပ်က ၎င်းနယ်မြေအား ပိတ်ဆို့လိုက်ကာ သွားလာမှု ကန့်သတ်ခဲ့ခြင်းကြောင့် ဒဏ်ရာရသူများမှာ အသက်ကယ်တင်နိုင်မည့် ဆေးကုသခွင့် မရရှိတော့ပေ။ ထိခိုက်သေကြေသူများ စာရင်းကို သီးခြား အတည်ပြု၍ မရပါ။ သို့သော် ဒေသခံသတင်းရင်းမြစ်များ အရ လူပေါင်း ၄၅ ဦးမှ ၇၉ ဦးကြား သေဆုံးခဲ့ကြောင်း အစီရင်ခံ ဖော်ပြခဲ့ပြီး အနည်းဆုံး ရုပ်အလောင်း ၃၀ ကို အခင်းဖြစ်ပွားရာ နေရာမှ ရရှိထားသည့် မှတ်တမ်းဓာတ်ပုံများတွင် ရှင်းလင်းစွာ မြင်တွေ့ခဲ့ရသည်။

၁၈။ ဒီဇင်ဘာလ အစောပိုင်းနှင့် ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလမှ နောက်ပိုင်း ရှမ်းပြည်နယ် တောင်ပိုင်း၊ နမ့်ဆန် မြို့နယ်ရှိ တအောင်း လွတ်မြောက်ရေးတပ်နှင့် မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်တို့သည် မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအား ပံ့ပိုးပေးခြင်းကြောင့် ဟုဆိုကာ မြန်မာ စစ်တပ်က ၎င်းတို့အပေါ် ပထမဆုံး အကြိမ် လေကြောင်း တိုက်ခိုက်မှု ကြိမ်ဖန်များစွာ ပြုခဲ့သည်။ ထိုသို့ လေကြောင်း တိုက်ခိုက်မှုကြောင့် ဒေသခံ ၁,၀၀၀ ကျော် နေရပ်စွန့်ခွာ တိမ်းရှောင်ရကာ ၎င်းဒေသအတွင်း မြန်မာစစ်တပ်က စစ်မျက်နှာသစ်ဖွင့်၍ စစ်ဆင်ရေးများ ဖော်ဆောင်နေခြင်းကြောင့် မလုံခြုံမှုများ ပိုမို တိုလားကြောင်း သိရသည်။

## (၂) မြန်မာစစ်တပ်၏ လက်နက်ကြီး ပစ်ခတ်မှု

၁၉။ လူနေထူထပ်သော နေရာများသို့ ပစ်မှတ်ထား၍ စစ်ဘက် လက်နက်ကြီးများ အသုံးပြုကာ တိုက်ခိုက်သည့် သတင်းများအား OHCHR က လက်ခံရရှိထားကာ အရပ်သားများအား ဦးတည်ပြီး အရပ်ဘက် စစ်ဘက် ခွဲခြားခြင်း မရှိသည့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ပူပန်မှုများ မြင့်တက်လာစေပါသည်။ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အနည်းဆုံး လူ ၂၂၉ ဦး သေဆုံးပြီး လူပေါင်း သောင်းနှင့်ချီ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်ဟု ယုံကြည်ရသော သတင်းရင်းမြစ်များက ဖော်ပြပါသည်။ ၂၀၂၂ ခုနှစ်အတွင်း ကရင်ပြည်နယ်ရှိ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီ မြို့နယ်များနှင့် ကယားပြည်နယ်ရှိ မိုးဗြဲ၊ လွိုင်ကော်နှင့် ဒီမော့ဆို မြို့နယ်များ စသည့် မြန်မာနိုင်ငံ အရှေ့တောင် ဒေသ၌ မကြာခဏ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပါသည်။ သို့သော် မြန်မာစစ်တပ်မှ အင်တာနက် ဖြတ်တောက်ထားခြင်းကြောင့် အထူး ဖြစ်စဉ်များအား သီးခြား အတည်ပြုရေး ဆောင်ရွက်ရာတွင် အဟန့်အတား ဖြစ်စေသည်။ OHCHR သည် သတင်းရင်းမြစ်များအား ရရှိချိန်တွင် လွိုင်ကော် မြို့နယ်၊ ကုန်းသာ ကျေးရွာတွင် အောက်တိုဘာလ ၂၅ ရက်နေ့က ဖြစ်ပွားခဲ့သည့် အခင်းတစ်ခုအား မှတ်တမ်းတင်ခဲ့ပါသည်။ စစ်ဘေးရှောင်များ ခိုလှုံနေသည့် လယ်မြေအပေါ် လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့ကြောင်း ကနဦး ပြောကြားသူများ အရ သိရပါသည်။ အမျိုးသားတစ်ဦးမှာ အခင်းဖြစ်ရာ နေရာတွင် သေဆုံးသွားကာ ဇနီးဖြစ်သူမှာ ဒဏ်ရာအပြင်းအထန်ရရှိပြီး မျှားမကြာမီ သေဆုံးသွားခဲ့ကြောင်း သိရသည်။

၂၀။ ရခိုင်ပြည်နယ်တွင် ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည် ဖြစ်ပွားလာမှုကြောင့် ရပ်ရွာလူထု တစ်ရပ်လုံး အပေါ်သို့ သိသိသာသာ ထိခိုက်နစ်နာမှုများ ရှိခဲ့သည်။ အပစ်အခတ် ရပ်စဲရေး ကာလ

မတိုင်မီ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မောင်းတောမြို့နယ်၊ ဂြစ်ချောင်း ကျေးရွာ အတွင်းသို့ ၎င်းရွာ၏ အနောက်ဘက်ရှိ မြန်မာစစ်တပ် ခြေမြန်တပ်ရင်း အမှတ် ၂၄ စခန်းမှ ရွာအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ရွာအတွင်း၌ အမြောက်ကျည် ၃ လုံး ကျရောက်ခဲ့ကြောင်း မျက်မြင်သက်သေ တစ်ဦးက ဆိုပါသည်။ ၎င်းအမြောက်ဆံတစ်လုံးသည် မြို့လူမျိုး ကလေးငယ်၏ အမည်ပေး ကင်ပွန်းတပ်ပွဲ ကျင်းပသည့် နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုလက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ကလေးခြောက်ဦး အပါအဝင် လူပေါင်း ၁၃ ဦး သေဆုံးပြီး ကလေး ၁၂ ဦး အပါအဝင် လူပေါင်း ၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သေဆုံးသူများ၏ ဆွေမျိုးတစ်ဦးက ဆိုသည်။ လက်နက်ကြီးများဖြင့် ပစ်ခတ်ချိန်တွင် တိုက်ပွဲမရှိကြောင်း သိရသည်။ ခြေလျင်တပ်မ ၇၇ သည် ၎င်းပစ်ခတ်တိုက်ခိုက်မှု မတိုင်မီ ငါးရက်က ထိုကျေးရွာအား သိမ်းပိုက်ခဲ့ကြောင်း၊ မြန်မာစစ်တပ်သည် ဂြစ်ချောင်း ဆေးရုံရှိ ဒဏ်ရာရရှိသူများအား သွားရောက်ကြည့်ရှုပြီး သေဆုံးသူများ၏ ဆွေမျိုးများအား စျာပန အခမ်းအနား ကျင်းပရန် အတွက် မြန်မာကျပ်ငွေ ၅၀၀,၀၀၀ ပေးအပ်ခဲ့ကြောင်း မျက်မြင်သက်သေ တစ်ဦးက ပြောပါသည်။

### (၃) မြန်မာစစ်တပ်က ကျေးရွာများအား မီးရှို့ခြင်း

၂၁။ မြန်မာစစ်တပ်၏ အသုံးများဆုံး နည်းဗျူဟာများမှ တစ်ခုမှာ ကျေးရွာများနှင့် လူနေအိမ်များအား စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မီးရှို့ဖျက်ဆီးခြင်း ဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ကျူးလွန်မှုများ အပါအဝင် ဆယ်စုနှစ်များစွာ ကြာအောင် မှတ်တမ်းတင်ထားသော ၎င်းတို့၏ ကျူးလွန်သည့် လုပ်ပုံလုပ်နည်းများနှင့် ထပ်တူညီနေသည့် စစ်ဆင်ရေးများကြောင့် ၂၀၂၂ ခုနှစ်၊ ဖေဖဝါရီလ နောက်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံး၌ အိမ်ခြေ ၃၉,၀၀၀ နီးပါး မီးရှို့ဖျက်ဆီးခံခဲ့ကြောင်းနှင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နေအိမ်မီးရှို့ဖျက်ဆီးမှုသည် အဆ ၁,၀၀၀ ကျော် တိုးမြင့်လာကြောင်း ကုလသမဂ္ဂ အစီရင်ခံစာများက ဖော်ပြခဲ့သည်။ စစ်ကိုင်းတိုင်းတွင် အိမ်ခြေ ၂၅,၅၀၀ ကျော် မီးရှို့ဖျက်ဆီးခံရသည် ဖြစ်ရာ ၎င်းသည် မြန်မာနိုင်ငံ၏ ထိခိုက်မှု အရှိဆုံး ဒေသ ဖြစ်လာပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အရှေ့စီး ကျေးရွာတွင် မေလ၊ ၁ ရက်နေ့က ဖြစ်ပွားခဲ့သော အဖြစ်အပျက် တစ်ခုတွင် တစ်ရွာလုံး နီးပါး အရေအတွက် ဖြစ်သော နေအိမ် အဆောက်အအုံပေါင်း ၆၂၁ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း ဂြိုလ်တုဓာတ်ပုံများ အရ သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တည့်ဆန်မြို့နယ်တွင် စက်တင်ဘာလ၊ ၁၆ ရက်နေ့မှ ၂၈ ရက်နေ့ အတွင်း မြန်မာစစ်တပ်၏ စီးနင်းတိုက်ခိုက်မှုများ ဆက်တိုက် ဖြစ်ပွားခဲ့ရာ ၎င်းက ကျေးရွာ ရှစ်ရွာရှိ နေအိမ် ၄၅၈ လုံး ဖျက်ဆီးခဲ့ပြီး ကျန်ရှိသည့် နေအိမ် ၃၁၉ လုံးလည်း အပျက်အစီး ရှိခဲ့ကြောင်း ဂြိုလ်တုဓာတ်ပုံများနှင့် မေးမြန်းထွက်ဆိုချက်များ အရ သိရသည်။

၂၂။ ထိုသို့ မီးရှို့မှုများမှာ မြန်မာစစ်တပ်ကို ဆန့်ကျင်သော လက်နက်ကိုင် အဖွဲ့များကြောင့် ဖြစ်သည်ဟု ဆိုကာ ၂၀၂၂ ခုနှစ်တွင် *“အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းတွင် နေအိမ် ၇၀၃၊ မကွေးတိုင်းတွင် နေအိမ် ၂၈၊ ချင်းပြည်နယ်တွင် နေအိမ် ၂၂၀၊ ကချင်ပြည်နယ်တွင် နေအိမ် ၃၀ တို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း”* မြန်မာစစ်တပ်က သတင်းတင် ဖော်ပြခဲ့သော်လည်း သက်သေခံ ပြောကြားချက်များအရ မြန်မာစစ်တပ်နှင့် ၎င်း၏ အပေါင်းအပါ ပြည်သူ့စစ်များက မီးရှို့ဖျက်ဆီးမှု အများစု အတွက် တာဝန်ရှိကြောင်း ထွက်ဆိုပါသည်။ သတင်းရင်းမြစ်များစွာ၏ ဖော်ပြချက် အရ မြန်မာစစ်တပ်သည် တိုက်ပွဲ ဖြစ်ပွားခြင်း မရှိသည့် အချိန်ပင်လျှင် တစ်ရွာဝင် တစ်ရွာထွက် တပ်ရွှေ့လျားကာ ဒေသခံများ၏ ပိုင်ဆိုင်မှုဥစ္စာ ပစ္စည်းများအား လုယက်သိမ်းယူခြင်း၊ နေအိမ်များတွင် ညအိပ်နေထိုင်ခြင်းနှင့် ရွာမှ မထွက်ခွာမီ ၎င်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းတို့ ကျူးလွန်ကြောင်း အတည်ပြု ပြောကြားခဲ့ပါသည်။ အဖြစ်အပျက် များစွာ၌ မြန်မာစစ်တပ်သည်

ရပ်ရွာများအတွင်း ဝင်ရောက်စီးနင်းခြင်း မပြုမီ ရပ်ရွာလူထုက ၎င်း၏ အဖိုးတန်ပစ္စည်းများ ထားခဲ့ကာ ကြောက်လန့်တကြား ထွက်ပြေးစေရန် ရည်ရွယ်၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း သို့မဟုတ် လေကြောင်းတိုက်ခိုက်ခြင်းများ ပြုလေ့ရှိသည်။ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်တွင် ကြိမ်ဖန်များစွာ မီးရှို့ခံခဲ့ရသည့် ရွာအချို့ ရှိသည် ဖြစ်ရာ ၎င်းတို့သည် အထင်ရှားဆုံး သက်သေ သာဓက ဖြစ်ပါသည်။ ဂြိုလ်တုဓာတ်ပုံများအရ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ကတည်းက ၎င်းရွာမှာ အနည်းဆုံး ၂၂ ကြိမ် မီးရှို့ခံခဲ့ရပြီး ဘာသာရေး အဆောက်အအုံများ အပါအဝင် မူလလက်ရှိ အဆောက်အအုံ ၂၆၂၈ မှ အဆောက်အအုံ ၁၅၂၈ လုံးမှာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ စက်တင်ဘာလ ၈ ရက်နေ့တွင် ထန်တလန်မြို့ အတွင်း အကြီးမားဆုံး ဖြစ်ရပ်ဟု ယူဆရသည့် နေအိမ် အဆောက်အအုံ ၄၅၈ လုံး ပျက်စီးခဲ့ကြောင်း ဂြိုလ်တု ဓာတ်ပုံများ အရ သိရသည်။

၂၃။ မြန်မာစစ်တပ်သည် လူများအား မီးရှို့သတ်ဖြတ်ခြင်း၊ စားနပ်ရိက္ခာ သိုလှောင်ရုံများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ကျွဲနွားတိရစ္ဆာန်များအား မီးရှို့ခြင်းပြုသည့် ကိစ္စရပ်များကိုလည်း OHCHR က မှတ်တမ်းတင်ထားပါသည်။ မြန်မာစစ်တပ်သည် ကျေးရွာများအား ဝင်ရောက်စီးနင်းပြီးနောက် မီးရှို့ထားသော ရုပ်အလောင်းများကို တွေ့ရှိကြောင်း မေးမြန်းဖြေကြားသူများက ဖော်ပြကြသည်။ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်ရှိ ကျေးရွာများတွင် နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကို မျက်မြင်သက်သေတစ်ဦးက ပြန်လည်ပြောပြသည်။ အထူးသဖြင့် ပေါင်းလဲကုန်း ကျေးရွာ၌ မြန်မာစစ်တပ်က အုတ်အိမ်များအား မီးရှို့ခဲ့ပြီး နေအိမ် ၁၃၆ လုံး ထိခိုက်ပျက်စီးခဲ့ကာ လူပေါင်း ၆၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ထို့အပြင် မီးလောင်နေသော အိမ်ဘေးတွင် သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦး၏ အလောင်းကို တွေ့ရှိခဲ့ကြောင်း မျက်မြင်သက်သေများက ထပ်လောင်း ပြောကြားခဲ့သည်။

## (၄) မြန်မာစစ်တပ်မှ ဖမ်းဆီးထိန်းသိမ်းထားစဉ် သေဆုံးခြင်းနှင့် တရားဥပဒေမဲ့ သတ်ဖြတ်ခြင်း

၂၄။ တရားဝင် ထိန်းသိမ်းထားသည့် စစ်ကြောရေး စခန်းများ သာမက အလွတ်သဘော ထိန်းသိမ်းသည့် စစ်ကြောရေး နေရာများတွင် သေဆုံးကြသူများ၏ ပုံစံတူ အခြေအနေများအား စဉ်ဆက်မပြတ် မှတ်တမ်းတင်ထားဆဲ ဖြစ်သည်။ ခိုင်လုံသော သတင်းရင်းမြစ်များအရ အမျိုးသမီး ၆၂ ဦး၊ မိန်းကလေး ၈ ဦးနှင့် ယောကျာ်းလေး ၄၄ ဦး အပါအဝင် အနည်းဆုံး ၉၂၀ ဦးသည် ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ နောက်ပိုင်းတွင် မြန်မာစစ်တပ်က ဖမ်းဆီးထိန်းသိမ်းစဉ် သေဆုံးခဲ့ပြီး ဤအစီရင်ခံစာ ပြုစုတင်သွင်းသည့် ကာလအတွင်း လူပေါင်း ၅၅၄ ဦး သေဆုံးခဲ့ပါသည်။ ၎င်းသည် မြန်မာစစ်တပ်က သတ်ဖြတ်ခဲ့သည်ဟု အတည်ပြုသည့် စုစုပေါင်း အရေအတွက်၏ ၃၁ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုပါသည်။ ထိုသေဆုံးမှုပေါင်း ၉၂၀ မှ အမျိုးသမီး ခြောက်ဦးနှင့် ကလေးငယ် လေးဦး အပါအဝင် သေဆုံးမှု ၁၁၀ သည် စစ်ကြောရေး စခန်း၊ အကျဉ်းထောင်များ၊ ရဲစခန်းများ သို့မဟုတ် အခြား တရားဝင် ထိန်းသိမ်းရေး စခန်းများတွင် သေဆုံးခြင်း ဖြစ်သည်။ သေဆုံးမှု အများစုမှာ ကျေးရွာများနှင့် မြို့ပြများတွင် ဖမ်းဆီးမှု၊ ဝင်ရောက်စီးနင်းမှု ဖြစ်စဉ်များ နောက်ပိုင်းတွင် ဖြစ်ပွားလေ့ရှိသည်။ ၂၀၂၁ ခုနှစ် ဖေဖဝါရီလမှစ၍ စစ်ကိုင်း တိုင်းဒေသကြီး အတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရာမှ သေဆုံးသူ ၅၂၅ ဦးရှိပြီဖြစ်ရာ အရပ်သားများ အတွက် အန္တရာယ် အရှိဆုံး ဒေသအဖြစ် ဆက်လက် ရပ်တည်နေခဲ့ပါသည်။

၂၅။ မြန်မာစစ်တပ်နှင့် ၎င်း၏ အပေါင်းအပါ အုပ်စုများသည် ကျေးရွာများသို့ ဝင်ရောက်ပြီး ထွက်မပြေးဘဲ ကျန်ရစ်နေသူများ၊ အထူးသဖြင့် မသန်စွမ်းမှုကြောင့် ထွက်မပြေးနိုင်သူများ သို့မဟုတ် ကျွဲနွားတိရစ္ဆာန်များနှင့် ပိုင်ဆိုင်မှု ပစ္စည်းဥစ္စာများအား ကာကွယ်စောင့်ရှောက်ရန် နေရစ်ခဲ့သူများအား ဖမ်းဆီးချုပ်နှောင်လေ့ရှိသည် ဟူသော အဖြစ်အပျက်မျိုးသည် နိုင်ငံအဝှမ်းတွင် ဖြစ်ပွားလေ့ရှိကြောင်း အင်တာဗျူး ဖြေဆိုသူ အများအပြားက ထွက်ဆိုပြောကြားခဲ့သည်။

၎င်းတို့အား ပုံမှန်အားဖြင့် ဦးခေါင်းတွင် သေနတ်ဖြင့် ပစ်ခတ်ကွပ်မျက်သည့် နည်းကို ကျယ်ကျယ်ပြန့်ပြန့် သုံးလေ့ရှိပြီး ထိုသို့ ပစ်သတ်ခြင်း မပြုမီ ၎င်းတို့ကို ဖမ်းဆီးထိန်းသိမ်းကာ စစ်ဆေးမေးမြန်း၍ ၎င်းတို့၏ လက်ကို ကြိုးတုပ်ကာ မျက်စိကို အဝတ်စီးထားတတ်ပါသည်။ မြောက်များစွာသော အင်တာဗျူး ဖြေဆိုမှုများ အရ ၎င်းတို့သည် ကျေးရွာသို့ ပြန်လာသော အခါ ရုပ်အလောင်းများအား တွေ့ရှိမှု အပေါ် ကျောချမ်းစဖွယ် မှတ်တမ်းများဖြင့် ဖော်ပြခဲ့ပြီး အချို့ ရုပ်အလောင်းများမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခံထားရသကဲ့သို့ ရှိကြောင်း စွပ်စွဲပြောကြားခဲ့ပါသည်။ အကယ်၍ အသတ်မခံရပါက ၎င်းတို့အား လူသားဒိုင်း၊ ပေါ်တာနှင့် လမ်းပြများ အဖြစ် အသုံးချရန် ခေါ်ဆောင်သွားကြောင်း သိရသည်။ ထိုသို့ အသုံးချခံရသူများ၏ ကံကြမ္မာကို အများအားဖြင့် မသိကြရပေ။ ၎င်းအဖြစ်အပျက်များမှ အလားတူ အဖြစ်အပျက် တစ်ခုအား ဆိုရလျှင် ပုလဲမြို့နယ်မှ အင်တာဗျူး ဖြေကြားသူ တစ်ဦး၏ ပြောကြားချက် အရ ဇူလိုင်လ ၁၁ ရက်နေ့တွင် မြန်မာစစ်တပ်က ရွာထဲသို့ ဝင်ရောက်လာပြီး ရွာသားလေးဦးကို ဖမ်းဆီးခဲ့ကြောင်း ဖော်ပြခဲ့သည်။ အင်တာဗျူး ဖြေကြားသူ၏ အဆိုအရ ၎င်းတို့သည် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် မိန်ကလေးငယ် တစ်ဦးတို့၏ ရုပ်အလောင်းများကို တွေ့ရကြောင်း၊ ၎င်းတို့၏ ဦးခေါင်း အရှေ့ဘက်တွင် သေနတ်ဒဏ်ရာများအား တွေ့ရကြောင်း သိရသည်။ များမကြာမီ လေးယောက်မြောက် ရုပ်အလောင်းကို ရိုက်နှက်ထိုးကြိတ်ခံထားရသည့် သင်္ကေတ ဒဏ်ရာများနှင့် တွေ့ခဲ့ရပါသည်။

၂၆။ တရားဥပဒေမဲ့ သတ်ဖြတ်ကွပ်မျက်မှုများအား အထူးသဖြင့် မြေပြင်စစ်ဆင်ရေးများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြောင်းကိုလည်း OHCHR က မှတ်တမ်းတင်ခဲ့ပါသည်။ မြန်မာ စစ်တပ်သည် ထွက်ပြေးရန် ကြိုးပမ်းသူများအား မြင်သည်နှင့် ပစ်ခတ်သတ်ဖြတ်ကြောင်း သို့မဟုတ် နောက်မှ လိုက်လံဖမ်းဆီးကြောင်း သတင်းရင်းမြစ် အများအပြားက တသတ်မတ်တည်း ဖော်ပြကြပါသည်။ စစ်ကိုင်းတိုင်း၊ ဘုတလင် မြို့နယ်မှ အင်တာဗျူး ဖြေကြားသူ တစ်ဦး၏ ပြောဆိုချက် အရ မေလအတွင်း စစ်တပ် ဆန့်ကျင်ရေး အဖွဲ့များနှင့် မြန်မာစစ်တပ် အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် မြန်မာစစ်တပ်သည် သက်ကြီးရွယ်အို နှစ်ဦးနှင့် အမျိုးသမီး တစ်ဦး အပါအဝင် ထွက်ပြေးနေသော ရွာသား ကိုးဦးကို ပစ်သတ်ခဲ့ကြောင်း၊ ၎င်းတို့၏ ဦးခေါင်းတွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ဤအစီရင်ခံစာ ပြုစုတင်ပြသည့် ကာလအတွင်း ပြည်နယ်နှင့်တိုင်းလေးခုတွင် ထိုသို့ ဖမ်းဆီးမှုမျိုး ၂၃ ခုထက် မနည်း ရှိခဲ့ကာ ၎င်းမှ အနည်းဆုံး လေးဦး သို့မဟုတ် ငါးဦးခန့် အသတ်ခံရသည်ဟု ခိုင်မာသော သတင်း ရင်းမြစ်များက ဖော်ပြကြပါသည်။

၂၇။ မြန်မာစစ်တပ်သည် လူထုအကြား အကြောက်တရား စိုးမိုးစေရန်နှင့် ၎င်းတို့အား ဆန့်ကျင်သော အုပ်စုများအား ထောက်ပံ့မှု ရပ်တန့်စေရန် ပုံဖော်ထားသည့် အသွင်သဏ္ဍာန်ဖြင့် အတိုက်အခံနှင့် ဆက်စပ်သည်ဟု ယူဆသော ပုဂ္ဂိုလ်များအား ပစ်မှတ်ထား သတ်ဖြတ်မှုကို ကျူးလွန်နေသည့် အပေါ် OHCHR က မှတ်တမ်းတင်ထားသည်။ ဥပမာအားဖြင့် ဆိုရလျှင် မကွေးတိုင်း၊ ပေါက်မြို့နယ်တွင် အောက်တိုဘာလ အတွင်း မြန်မာစစ်တပ်က ကျောင်းဆရာ တစ်ဦးကို ခေါင်းဖြတ်ပြီး ကျောင်းတံခါးဝတွင် သူ၏ ခေါင်းအား ချိတ်ဆွဲထားခဲ့ပါသည်။ ထိုသူသည် 'အမျိုးသား ညီညွတ်ရေး အစိုးရ' နှင့် ဆက်နွယ်နေသည်ဟု စွပ်စွဲခံရ၍ ထိုသို့ သတ်ဖြတ်ခြင်း ခံရသည်ဟု မျက်မြင်သက်သေများက ယုံကြည်ကြသည်။

## (၅) မြန်မာစစ်တပ်က အဓမ္မ အစဖျောက်ခြင်း

၂၈။ မြန်မာစစ်တပ်နှင့် ၎င်း၏ အပေါင်းအပါ ပြည်သူ့စစ်များအား ကျူးလွန်သူများ အဖြစ် ဖော်ပြ အစီရင်ခံ တိုင်ကြားမှုများနှင့် အတူ အဓမ္မ အစဖျောက်ခြင်း ဆိုင်ရာ အမှုတွဲများနှင့် ဆက်စပ်သော

သတင်း အချက်အလက်များနှင့် အဖြစ်အပျက် မှတ်တမ်းများအား OHCHR က လက်ခံရရှိနေဆဲဖြစ်သည်။ ချိုးဖောက်မှု၏ သဘော သဘာဝ အရ ဖြစ်ပျက်မှု အတိုင်းအတာ အပြည့်အစုံအား အတည်ပြုနိုင်ရန် စိန်ခေါ်မှုများ ရှိသော်လည်း ရလာသော အချက်အလက်များ အရ စစ်တပ် အာဏာသိမ်းမှုအား ဆန့်ကျင်သော ထင်ရှားသည့် နိုင်ငံရေးသမားများ၊ ဘာသာရေးနှင့် လူထု ခေါင်းဆောင်များကို ပစ်မှတ်ထားကြောင်း တွေ့ရပါသည်။

၂၉။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီဝင်များ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ မြန်မာစစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့ဝင်များနှင့် အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုနှင့် ဆက်နွယ်သူများ စသည့် ပစ်မှတ်ထားသော ပုဂ္ဂိုလ်များအား မြန်မာစစ်တပ်က မဖမ်းဆီးနိုင်သည့် အခြေအနေမျိုးတွင် ၎င်းတို့ ပုန်းကွယ်ရာမှ ထွက်လာစေရန် ၎င်းတို့၏ မိသားစုဝင်များအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ခိုင်လုံသော သတင်း ရရှိခဲ့ပါသည်။ မြန်မာစစ်တပ်သည် ဧပြီလတွင် ရန်ကုန်မြို့၌ မိသားစု တစ်စုကို စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအား ထောက်ပံ့သည်ဟု စွပ်စွဲကာ ပစ်မှတ်ထားခဲ့သည်။ မိခင်ဖြစ်သူအား ဖမ်းဆီးပြီးနောက် အရပ်ဝတ်နှင့် ပုဂ္ဂိုလ်များသည် သုံးနှစ်အရွယ် ယောကျ်ားလေးအား သူငယ်တန်း စာသင်ခန်းမှ ခေါ်ဆောင်သွားခဲ့သည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မိခင်ဖြစ်သူအား ထောင်ဒဏ် အနှစ် ၂၀ ချခဲ့ကြောင်း သိရသည်။ ထိုအချိန်မှစ၍ သူမ၏ သားငယ်နှင့် ပတ်သက်သည့် နောက်ထပ် သတင်းအချက်အလက်များကို မရရှိတော့ပေ။

၃၀။ မြန်မာစစ်တပ်က ကျေးရွာများကို ဝင်ရောက်စီးနင်းသည့် အခင်းအကျင်း၌ အဓမ္မ အစဖျောက်သည့် အဖြစ်အပျက်များ ရှိကြောင်း သိရသည်။ မြန်မာစစ်တပ်၏ တပ်ဖွဲ့များသည် ထွက်မပြေးဘဲ ကျန်ရစ်နေခဲ့သော ရွာသားများအား စန်တကျ ဖမ်းဆီးကာ စစ်ဆေးမေးမြန်းတတ်ပြီး အချို့ အခြေအနေမျိုးတွင် ၎င်းတို့အား လမ်းပြများ အဖြစ် သို့မဟုတ် လူသား တံတိုင်းများ အဖြစ် အသုံးချကြပါသည်။ တခါတရံ ရွာသားများအား နောက်ပိုင်း ပြန်လွှတ်ပေးခဲ့သော်လည်း အခြား ဖမ်းဆီးခံထားရသူများ၏ ကံကြမ္မာနှင့် ၎င်းတို့ မည်သည့်နေရာတွင် ရှိနေသည်ကို မသိရပေ။ ခိုင်လုံသော သတင်းရင်းမြစ်များ အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဧပြီလအတွင်း ရှမ်းပြည်နယ်တွင် ဆက်တိုက် ဖြစ်ပွားခဲ့သော ဖြစ်စဉ်များတွင် ရှာင်နှင့် ပင်းတယမြို့နယ်များရှိ ကျေးရွာ အများအပြားကို စစ်တပ်က ဝင်ရောက်စီးနင်းကာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ရွာသား ၁၃၀ ထက်မနည်း ဖမ်းဆီးခဲ့သည်။ ၎င်းတို့အထဲမှ ရွာသား ၄၀ ခန့် ပြန်လွှတ်လာကြောင်း ကြားသိရသော်လည်း ကျန်သည့် ရွာသား ၉၀ နှင့် ပတ်သက်၍ မည်သည့် သတင်းအချက်အလက်မှ မရရှိတော့ပေ။

## (၆) စစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင် အစုအဖွဲ့များ၏ အကြမ်းဖက်မှု

၃၁။ မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်ကိုင် အဖွဲ့များက အထူးသဖြင့် မြို့ပြဒေသနှင့် အခြား နေရာများတွင် သတင်းပေးသူ ဒလံများ သို့မဟုတ် စစ်တပ် ထောက်ခံသည့် ပြည်သူ့စစ် အဖွဲ့ဝင်များဟု ထင်မြင်ယူဆသူများအား ပစ်မှတ်ထား သတ်ဖြတ်မှုများ ပြုလုပ်နေသည့် အစီရင်ခံ တင်ပြချက်များအား လက်ခံရရှိပါသည်။ သီးခြား အတည်ပြုဆန်းစစ်ရန် အလွန်အမင်း ခက်ခဲလှသော်လည်း မီဒီယာ သတင်းတင်ပြမှုများ အရ မနှစ်က ဒေသန္တာရ အုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၂၇ ဦးခန့် အနည်းဆုံး အသတ်ခံရကြောင်းနှင့် ၎င်းတို့မှ သတ်ဖြတ်မှုပေါင်း ၇၁ မှုမှာ မန္တလေးနှင့် ရန်ကုန်တွင် အဓိက ဖြစ်ပွားခဲ့ကြောင်း သိရသည်။[12] စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အုပ်စု ၁၁ ခုက ထိုသို့သော သတ်ဖြတ်မှုပေါင်း ၃၈ ခု အတွက် တာဝန်ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ သတ်ဖြတ်မှုများ မတိုင်မီ ထောက်လှမ်းရရှိသော အချက်အလက်

[12] ဥပမာ၊ https://www.mizzima.com/article/alleged-myanmar-military-council-informants-frequently-killed

အဆင့်အတန်းနှင့် အမျိုးအစားများအား မသိရှိရာ ပစ်မှတ်များသည် ရည်ရွယ်ထားသည့် အတိုင်း ဖြစ်မလာသည့် အခြေအနေမျိုး ရှိနိုင်ပါသည်။ လုပ်ကြံသတ်ဖြတ်ခံရသူနှင့် စပ်ဆက်သူ တစ်ဦးက OHCHR ရုံးသို့ မေးမြန်းဖြေကြားချက် အရ လုပ်ကြံသတ်ဖြတ်ခံရသူသည် ပြည်သူ့စစ် အဖွဲ့ဝင် တစ်ဦး အဖြစ် မှားယွင်းစွပ်စွဲခံရပြီးနောက် အသတ်ခံရကြောင်း သိရသည်။ ထို့အပြင် ၎င်း၏ မိသားစုမှာလည်း ခြိမ်းခြောက်ခံရပြီးနောက် ပုန်းအောင်းနေခဲ့ရသည်။

၃၂။ ထို့အပြင် ဖွန်လအတွင်း စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်တွင် စစ်တပ်ဆန့်ကျင်ရေး ဒေသခံ လက်နက်ကိုင် အဖွဲ့ဝင်များက မျက်စိအား အဝတ်ဖြင့်စည်းခံထားရသည့် အမျိုးသမီးကို ရိုက်နှက် သတ်ဖြတ်နေသည့် ဗီဒီယိုဖိုင်သည် အင်တာနက် လူမှုကွန်ရက်၌ ပျံ့နှံ့ခဲ့ရာ OHCHR က စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့သည်။ 'အမျိုးသား ညီညွတ်ရေး အစိုးရ' အဖွဲ့ဝင်များသည် ယင်းဖြစ်ရပ်ကို စုံစမ်းဖော်ထုတ်မည် ဖြစ်ကြောင်း အသိပေး ကြေညာခဲ့သည်။ အရပ်သား ထိခိုက်သေဆုံးနိုင်ချေ မြင့်မားသည့် လူနေထူထပ်သော နေရာများတွင်လည်း ဗုံးခွဲတိုက်ခိုက်မှုများ ရှိခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။ ပေါက်ကွဲမှုကြောင့် အကျဉ်းထောင်သို့ ဝင်ထွက်သွားလာသူ ငါးဦးနှင့် ထောင်စောင့် သုံးဦး၊ စုစုပေါင်း လူရှစ်ဦး သေဆုံးခဲ့ပြီး အနည်းဆုံး ၁၈ ဦး ဒဏ်ရာရရှိခဲ့သည်။ OHCHR သည် ဗုံးခွဲသတ်ဖြတ်မှုအား ကျူးလွန်သူများ အပေါ် သီးခြား အတည်ပြုနိုင်ခြင်း မရှိပေ။

## ခ။ လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြု အကြမ်းဖက်မှု

၃၃။ ပဋိပက္ခ အခြေအနေနှင့် ပဋိပက္ခ မဟုတ်သော အခင်းအကျင်းများတွင် စစ်တပ်က လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြု အကြမ်းဖက်မှုနည်းအား ဆက်လက် အသုံးချနေမှုနှင့် ကျူးလွန်သူများမှာ ပြစ်ဒဏ်ခတ် မခံရဘဲ လွတ်ငြိမ်းချမ်းသာခွင့် ရရှိနေမှုအပေါ် အလေးအနက် စိုးရိမ်မှုများ ရှိနေပြီး ၎င်းကိစ္စအား ကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးပေ။ ထို့အပြင် အရပ်ဘက် လူမှု အဖွဲ့အစည်းများက ကျားမ အခြေပြု အကြမ်းဖက်မှု ပုံစံတူ အခြေအနေများ မြင့်တက်လာကြောင်း တင်ပြခဲ့သလို ကိုဗစ် ၁၉ ကပ်ရောဂါနှင့် ကိုဗစ်စည်းကမ်းများ၏ အနှုတ်လက္ခဏာ ဆောင်သော သက်ရောက်မှုများ သာမက စစ်တပ်၏ လုပ်ရပ်များကြောင့် အမျိုးသမီး၊ အမျိုးသား၊ ယောကျာ်းလေးနှင့် မိန်းကလေးများမှာ စဉ်ဆက်မပြတ် လူ့အခွင့်အရေး ချိုးဖောက်ခံရနိုင်ဖွယ် ရှိကြောင်း ထောက်ပြပြောဆိုနေပါသည်။ LGBTQI+ ပုဂ္ဂိုလ်တစ်ဦးစီ အပါအဝင် ခွဲခြားဆက်ဆံမှုများ ရင်ဆိုင်နေရသော လူနည်းစု အုပ်စုများနှင့် ရပ်ရွာလူထု အသိုက်အဝန်းများ၏ ရှိရင်းစွဲ ထိရှလွယ်မှု အခြေအနေများသည် ပိုမို ဆိုးရွားလာပါသည်။ တွေ့ဆုံမေးမြန်းသူများက တညီတညွတ်တည်း ဖော်ပြသည်မှာ နစ်နာမှုများ အတွက် တရားမျှတမှု ရနိုင်ရေး တစ်ခုတည်းသော နည်းလမ်းမှာ ရပ်ရွာအခြေပြု အငြင်းပွားမှု ဖြေရှင်းရေး ယန္တရားသာ ရှိပြီး ၎င်းနည်းလမ်းများသည် အသက်ရှင် ကျန်ရစ်သူများအား ကာကွယ်စောင့်ရှောက်ရန် မလုံလောက်ပေ။

၃၄။ OHCHR သည် လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ ပုံစံတူ အခင်းအကျင်းများအား ဆန်းစစ်လေ့လာရန် အလို့ငှာ ရှင်သန်ကျန်ရစ်သူများကို အင်တာဗျူးခဲ့ပြီး ယုံကြည်စိတ်ချရသော ဆွေးနွေးပြောကြားသူများက ပေးသည့် သတင်း အချက်အလက်များ အပေါ် အမှီပြုခဲ့ရပါသည်။

၃၅။ လွတ်မြောက်ရှင်သန်သူများ၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုဆိုင်ရာ စိုးရိမ်ကြောင့်ကြမှု၊ အင်တာဗျူး ဖြေဆိုသူများ၏ ဘေးအန္တရာယ် ကင်းရှင်းရေး အပေါ် အကဲဖြတ်ရန် မဖြစ်နိုင်မှု၊ လက်စားချေ တိုက်ခိုက်ခံရနိုင်မှု ဖြစ်နိုင်ခြေရှိမှုနှင့် သီးခြားလွတ်လပ်သော အဖွဲ့ဝင်များက အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေး စခန်းများသို့ သွားရောက်လေ့လာခွင့် လုံးဝ မရှိခြင်း၊ ယဉ်ကျေးမှု ဆိုင်ရာ စံနှုန်းများနှင့် အင်တာနက် ဖြတ်တောက်ခြင်းကြောင့် ဘေးကင်းစွာ ဆက်သွယ်ရန် ခက်ခဲမှု များစွာ ရှိကြောင်း အပြည့်အဝ နားလည် သဘောပေါက်ပါသည်။

၃၆။ စစ်ကြောရေး စခန်းများနှင့် အခြား တရားဝင် ထိန်းသိမ်းရေး နေရာများ သာမက ရွာအတွင်းသို့ စစ်တပ်က ဝင်ရောက်တိုက်ခိုက် စီးနင်းရာ၌ အမျိုးသမီးများ၊ အမျိုးသားနှင့် LGBTIQ+ ခံယူချက် ရှိသူများ အပေါ် အဓမ္မကျင့်မှု အပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြု အကြမ်းဖက်မှုများအား အကြိမ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ပင်မ ရင်းမြစ်များနှင့် ဆင့်ပွား သတင်းရင်းမြစ်များက အတည်ပြု ပြောကြားခဲ့ပါသည်။[13] စစ်တပ်က ဝင်ရောက်စီးနင်းပြီးနောက် ဖမ်းဆီးထိန်းသိမ်းထားသည့် အမျိုးသမီးများအား မုဒိန်းကျင့်သည့် ဖြစ်စဉ် ၃ ခုသည် စစ်ကိုင်းတိုင်းရှိ မြောင်နှင့် ကနီ မြို့နယ်၌ ဇွန်လနှင့် စက်တင်ဘာလအတွင်းနှင့် မကွေးတိုင်း၊ ရေစကြို မြို့နယ်၌ စက်တင်ဘာလ အတွင်း ဖြစ်ပွားခဲ့သည်ဟူသော တိုင်ကြားဖော်ပြချက်များကို OHCHR က လက်ခံရရှိခဲ့ပါသည်။ စစ်ကိုင်းတိုင်း၏ အခြားဒေသ အသီးသီးတွင်လည်း ကျေးရွာမှ မထွက်ပြေးနိုင်သော အမျိုးသမီးများ အပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားကျူးလွန်မှုများ ရှိကြောင်း ဖော်ပြရာ ၎င်းတို့သည် အဓမ္မကျင့်သည့် တိုင်ကြားချက်များနှင့် တသားတည်း ဖြစ်နေပါသည်။ ယင်းမာပင်၊ ဒီပဲယင်းနှင့် ကနီ မြို့နယ်မှ ရွာသားများသည် စစ်တပ်က ကွက်မျက်ထားပုံရသည့် အမျိုးသမီးများ၏ ရုပ်အလောင်းများကို တွေ့ခဲ့ရပြီး ၎င်းရုပ်အလောင်းများမှာ တစိတ်တပိုင်း သို့မဟုတ် လုံးဝ အဝတ်မဲ့နေသည်ကို တွေ့ရကြောင်း၊ သို့မဟုတ် ၎င်းတို့အား လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသည့် ဒဏ်ရာများဖြင့် တွေ့ရကြောင်း သိရသည်။ LGBTIQ+ ခံယူချက် ရှိသူများ၏ အင်တာဗျူး ဖြေကြားချက်များ အရ စစ်ဆေးရေးဂိတ်နှင့် ထိန်းသိမ်းရေး စခန်းများ၌ ၎င်းတို့၏ လိင်စိတ်ခံယူချက်နှင့် ဆက်စပ်၍ ခွဲခြားဆက်ဆံခြင်းနှင့် လူမဆန်သော ဆက်ဆံမှုတို့အား ကြုံတွေ့ကြရကြောင်း ဖော်ပြပါသည်။ ကုလသမဂ္ဂနှင့် အခြား ဆွေးနွေးသူများ ပြောဆိုချက် အရ ၎င်းအဖြစ်အပျက်များသည် အမှန်တကယ် ဖြစ်ပျက်နေသည့် အစိတ်အပိုင်း၏ အနည်းငယ်မျှသာ ဖြစ်နိုင်ကြောင်းနှင့် စစ်ဆင်ရေး ဖော်ဆောင်ရာ နေရာများတွင် လူအများသည် လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြု အကြမ်းဖက်မှုများ ကြုံတွေ့ရနိုင်ခြေ မြင့်မားကြောင်း ဆိုပါသည်။ အစီရင်ခံသည့် ကာလ အတွင်း ၎င်းကိစ္စရပ်များနှင့် ဆက်စပ်၍ စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် ဥပဒေ အရ တရားစွဲ အရေးယူခြင်း မရှိကြောင်း စစ်တပ်က အတည်ပြုခဲ့သည်။ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား ကျူးလွန်သည် ဟူသော မည်သည့် သတင်း အချက်အလက်ကိုမျှ OHCHR မှ လက်ခံရရှိခြင်း မရှိပါ။

၃၇။ ကျားမ အခြေပြု အကြမ်းဖက်မှု ရှုထောင့်မှ ကြည့်လျှင် စစ်တပ်က အာဏာသိမ်းခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်ကြောင့် ကိုဗစ်-၁၉ ကန့်သတ်ချက်များ အပါအဝင် တည်ဆဲ ဘေးဖြစ်နိုင်ခြေ အကြောင်းအချက်များမှာ သိသိသာသာ ဆိုးရွားလာပါသည်။ အလွန်ဆိုးရွားသော လုံခြုံရေး အခြေအနေ၊ ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်ရေး စနစ်ယန္တရားများ ကင်းမဲ့ခြင်း၊ နေရပ်စွန့်ခွာ ထွက်ပြေးရခြင်း၊ မိသားစုနှင့် လူချင်းကွဲခြင်း၊ အဓိက ကုန်ပစ္စည်းများနှင့် အရင်းအမြစ်များ ရှားပါးလာခြင်း၊ ကုန်ဈေးနှုန်းတက်ခြင်းနှင့် ရပ်ရွာအခြေပြု ဝန်ဆောင်မှုများ ယိုယွင်းအားနည်းလာခြင်းတို့ကြောင့် လူကုန်ကူးမှု၊ အရွယ်မတိုင်မီ အိမ်ထောင်ပြုခြင်း၊ အဓမ္မ လက်ထပ်ထိမ်းမြားမှု၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုနှင့် အကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်မှုနှင့် အဓမ္မ ပြည့်တန်ဆာဇာတ်သွင်းမှု အပါအဝင် ကျားမ အခြေပြု ရာဇဝတ်မှုများမှာ ပိုမို များပြားလာကြောင်း ဒေသခံ အဖွဲ့အစည်းများက တင်ပြလာပါသည်။ ထိုသို့သော လိင်အကြမ်းဖက် ခံရနိုင်ခြေ အများဆုံး ရှိသူများမှာ အမျိုးသမီး၊ မိန်းကလေး၊ မသန်စွမ်းများနှင့် non-binary လိင်စိတ်ခံယူသူများ ဖြစ်ကြောင်း ယူဆပါသည်။

၃၈။ စစ်တပ်၏ လုပ်ရပ်အား ဆန့်ကျင်ကန့်ကွက် ဆန္ဒပြရာ၌ ကျန်းမာရေး ဝန်ထမ်း အများအပြားက အလုပ်မှ နုတ်ထွက်ပြီးနောက် ပြည်သူ့ကျန်းမာရေး ကဏ္ဍ၏ စွမ်းဆောင်နိုင်စွမ်း

[13] ဖမ်းဆီးထားစဉ် လိင်နှင့် ကျားမ အခြေပြု အကြမ်းဖက်မှုများ အကြောင်း ပိုမို သိရှိလိုပါက အပိုဒ် ၅၃ အား ကြည့်ပါ။

အကန့်အသတ် ရှိလာကာ ပြဿနာ ပိုမို ဆိုးရွားလာသည်။ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ မလုံလောက်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများအား ဦးစားပေး ဆောင်ရွက်ရခြင်းတို့ကြောင့် ရှင်သန်ကျန်ရစ်သူများက မလိုလားသော ကိုယ်ဝန်နှင့် လိင်မှ ကူးစက်သော ရောဂါများ အပါအဝင် ကျန်းမာရေး စောင့်ရှောက်မှု ရရှိလက်လှမ်းမီနိုင်ရေး အပေါ် ဆိုးရွားစွာ သက်ရောက်မှု ရှိလာသည်။ အစိုးရ ဆေးရုံများ ဆက်လက် လည်ပတ်နေသည့် နေရာများ ရှိသော်လည်း စစ်တပ် အပေါ် ယုံကြည်မှု ကင်းမဲ့ခြင်းကြောင့် ရှင်သန်ကျန်ရစ်သူများသည် ကျန်းမာရေး ဝန်ဆောင်မှု ရရှိနိုင်ရန် အခက်တွေ့နေကာ အရင်းအမြစ် ချို့တဲ့သော အရပ်ဘက် လူမှု အဖွဲ့အစည်းများအား ယုံကြည်စိတ်ချရသည့် အဓိက ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများ အဖြစ် အားကိုးနေရပါသည်။

## ဂ။ ရိုဟင်ဂျာ၊ အခြားလူမျိုးစုနှင့် ဘာသာရေး လူနည်းစုများ အပေါ် စနစ်တကျ ခွဲခြားဆက်ဆံခြင်း။

၃၉။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှု ဖြစ်ပွားပြီး ၁၀ နှစ် အကြာနှင့် ရိုဟင်ဂျာ ထောင်ပေါင်းများစွာ သတ်ဖြတ်ခံရပြီး ၇၀၀,၀၀၀ ကျော် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသော ရခိုင်ပြည်နယ် အတွင်း စစ်ဆင်ရေးများ အပြီး ငါးနှစ် အကြာတွင် ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် နေထိုင်ကြဆဲ ရိုဟင်ဂျာလူမျိုး ၆၀၀,၀၀၀ ခန့်သည် ဆိုးရွားလှသော အန္တရာယ်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ရင်ဆိုင်နေရဆဲ ဖြစ်သည်။ လုံခြုံစိတ်ချရသော နေရပ်ပြန်ရေး ကိစ္စများမှာ အဆင်မပြေသေးဘဲ မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော် အကြား တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလာသည့် ဩဂုတ်လနှင့် နိုဝင်ဘာလ အကြား လုံခြုံရေး အခြေအနေများ ပိုမို ဆိုးရွားလာခဲ့ပါသည်။ တွေ့ဆုံမေးမြန်းချက်များ အရ တိုက်ပွဲများမှာ ရိုဟင်ဂျာ ကျေးရွာ အတွင်းနှင့် ကျေးရွာအနီးတဝိုက်တွင် ဖြစ်ပွားခဲ့သောကြောင့် ထိခိုက်သေကြေမှုနှင့် အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများ ရှိခဲ့ကြောင်း အတည်ပြုခဲ့ပါသည်။ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဘူးသီးတောင် မြို့နယ်၊ ဂူတာပြင် ကျေးရွာ အနီး ရက္ခိုင့်တပ်တော်က နေရာယူခဲ့ပြီး ထိပ်တိုက်ပစ်ခတ်မှုများ နှစ်ပတ်ကျော် ကြာမြင့်ခဲ့ပါသည်။ ထို့ကြောင့် ရိုဟင်ဂျာ ၂,၀၀၀ ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကာ အိမ်အများအပြားလည်း ပျက်စီးခဲ့ကြောင်း သိရသည်။ မြန်မာစစ်တပ်နှင့် ရက္ခိုင့်တပ်တော် နှစ်ဖက်စလုံးမှ ရိုဟင်ဂျာ အမျိုးသမီးနှင့် မိန်းကလေးများ အပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည့် အစီရင်ခံစာများကို OHCHR က လက်ခံရရှိခဲ့ပါသည်။ သို့သော် ဩဂုတ်လလယ်ပိုင်းမှ စ၍ မြို့နယ်ရှစ်ခုသို့ လူသားချင်း စာနာမှု အထောက်အပံ့များ ပေးပို့ရန် ပိတ်ပင်တားဆီးချက်များ ချမှတ်ထားခြင်းနှင့် ၎င်းဒေသအတွင်း အင်တာနက် ပိတ်ဆို့ထားခြင်းတို့ကြောင့် ၎င်းသတင်းအား သီးခြားလွတ်လပ်စွာ အတည်ပြု စစ်ဆေးရန် စိတ်ခေါ်မှုများ ရှိနေဆဲ ဖြစ်ပါသည်။ ထူးခြားသည်မှာ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရက္ခိုင့်တပ်တော် ပြောရေးဆိုခွင့် ရှိသူ တစ်ဦးက ဘူးသီးတောင် ဒေသ၌ ရိုဟင်ဂျာ အမျိုးသမီး တစ်ဦးအား အဓမ္မကျင့်ခဲ့သော တပ်သား တစ်ဦးအား ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၄၀။ ပစ်ခတ်တိုက်ခိုက်မှုများ မတိုင်မီနှင့် တိုက်ခိုက်အပြီးတွင် ရိုဟင်ဂျာများ၏ လူ့အခွင့်အရေး အခြေအနေမှာ ဆိုးရွားနေဆဲ ဖြစ်ပါသည်။ နိုင်ငံသား အခွင့်အရေး ပြန်လည်ရရှိရေးတွင် စနစ်ကျသော ခွဲခြားဆက်ဆံမှုများ ဆက်လက် ရှိနေပါသည်။ မွေးကင်းစ ရိုဟင်ဂျာ ကလေးများသည် အများအားဖြင့် မွေးစာရင်း ရလေ့မရှိရာ ခွဲခြားဖယ်ထုတ်မှု အခြေအနေအား ပိုမို နက်ရှိုင်းစေပါသည်။ ၁၀ နှစ်အကြာတွင် ရိုဟင်ဂျာ ကျောင်းသားများကို စစ်တွေ တက္ကသိုလ်တွင် ပြန်လည် တက်ရောက်ခွင့် ပေးခဲ့သော်လည်း အချို့ဘာသာရပ်များကိုသာ လေ့လာသင်ယူခွင့် ပေးခဲ့ပါသည်။ သို့သော် ထိုသို့ ပညာသင်ယူလိုသော ကျောင်းသားများသည် ရိုဟင်ဂျာ

အသိုက်အဝန်းက ကျယ်ကျယ်ပြန့်ပြန့် ကန့်ကွက်သည့် နိုင်ငံသား စိစစ်ရေး ကတ်ပြားအား လက်ခံရမည် ဖြစ်သောကြောင့် ၎င်းတို့သည် ပညာသင်ယူခွင့်နှင့် နိုင်ငံသား ဖြစ်ခွင့် အကြား ရွေးချယ်ကြရန် တွန်းအားပေးသကဲ့သို့ ဖြစ်သည်။

၄၁။ ရိုဟင်ဂျာများ အနေဖြင့် ဝန်ဆောင်မှုများနှင့် သက်မွေးဝမ်းကြောင်း အခွင့်အလမ်းများ ရရှိနိုင်မည့် လွတ်လပ်စွာ သွားလာခွင့်မှာ ဆက်လက် ကန့်သတ်ခံနေရကြောင်း အတည်ပြု ပြောကြားခဲ့သည်။ မတ်လတွင် မြန်မာစစ်တပ်က ပြည်တွင်းခရီးသွားလာမှုအတွက် နိုင်ငံသား စိစစ်ရေး ကတ်ပြားများ လက်ဝယ်ထားရှိရန် လိုအပ်ကြောင်း ကြေညာခဲ့သည်။ ဇူလိုင်လတွင် ဒေသဆိုင်ရာ အာဏာပိုင်များက ထိုသို့သော စာရွက်စာတမ်းများ မရှိသူများ အတွက် ယာယီ ခရီးသွား စာတမ်း ဖြစ်သော "ပုံစံ ၄"အား ပြန်လည် သတ်မှတ်ခဲ့သည်။ အကျိုးရလဒ်အားဖြင့် ရိုဟင်ဂျာများသည် ခရီးသွားခွင့်ပြုချက် ရရှိရန်နှင့် စစ်ဆေးရေး ဂိတ်များအား ဖြတ်ကျော်ခွင့် ရရှိရန် အတွက် ခြိမ်းခြောက်ငွေညှစ်ခံရခြင်းများ ကြုံရကာ နိုင်ငံသား စိစစ်ရေး ကတ်များ လျှောက်ထားရန် ပိုမို ဖိအားပေးခြင်း ခံရသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ကျေးရွာများတွင် လက်စားချေ လက်တုံ့ပြန်မှုများမှ ရှောင်ရှားနိုင်ရန် ၎င်းတို့၏ ရင်းမြစ်များဖြင့် ရက္ခိုင့်တပ်တော်သို့ ကာကွယ်စောင့်ရှောက်ခ ပေးဆောင်ရကြောင်း ရိုဟင်ဂျာများက ၎င်းတို့ ခံစားရသည့် အကြောင်းကို ထုတ်ဖော်ပြောဆိုထားသည်။ မြန်မာစစ်တပ်၏ တပ်ရွှေ့လျားမှုများကို စောင့်ကြည့်ပြီး သတင်းပို့ရန် ရက္ခိုင့်တပ်တော်က ရိုဟင်ဂျာများကို အမိန့်ပေးထားကြောင်းနှင့် ထို့အတွက်ကြောင့် ရိုဟင်ဂျာများ လက်တုံ့ပြန်ခံရနိုင်ကြောင်း သိရသည်။ ထို့အပြင် ရက္ခိုင့်တပ်တော်၏ စီမံသည့် တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးစနစ်များတွင် အထူးသဖြင့် ရခိုင်တိုင်းရင်းသားများနှင့် အငြင်းပွားမှု ဖြစ်သည့် အမှုကိစ္စရပ်များတွင် လူနည်းစု အစုအဖွဲ့များအား ဆန့်ကျင်၍ လွန်စွာ ဘက်လိုက်မှု ရှိကြောင်း ရိုဟင်ဂျာများနှင့် အခြား လူနည်းစု အစုအဖွဲ့များက တစိုက်မတ်မတ် အခိုင်အမာ ပြောဆိုကြသည်။

၄၂။ အဆိုပါ အခြေအနေများကြောင့် ရိုဟင်ဂျာ အမြောက်အများသည် ရေရှည် ခေါင်းပုံဖြတ်မှုကို ဦးတည်သည့် အကြွေးယူမှု၊ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် အခြားဒေသသို့ ဂုဏ်သိက္ခာရှိသော သက်တာအား ရှာဖွေမှု စသည့် အန္တရာယ်ရှိသော ဖြေရှင်းရေး စနစ်ယန္တရားများဖြင့် ဖြေရှင်းနေရပါသည်။ ထို့ကြောင့် ရိုဟင်ဂျာများသည် ပင်လယ်ပြင်လမ်းကြောင်းဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာရန် ကြိုးပမ်းလာမှုများ တိုးလာပါသည်။ ဒီဇင်ဘာလတွင် အမျိုးသမီးနှင့် ကလေးငယ် အများစု ပါဝင်သည့် လှေအများအပြား ရေစီးကြောင်း အတိုင်း မျောပါသွားခဲ့ကာ ကယ်ဆယ်ခဲ့ရသည်။ သို့သော် နစ်မြုပ်ခဲ့သည့် လှေများ အတိုင်းအတာနှင့် ခရီးရောက်သွားသော အခြေအနေအား မသိရသေးပေ။ ထိုသို့သော ကယ်ဆယ်ခံရသူများမှာ မြန်မာနိုင်ငံသို့ ပြန်လည် ပို့ဆောင်ခံရပြီး အကျဉ်းချခံကြရသည်။ ၂၀၂၂ ခုနှစ်၌ တရားမဝင် ခရီးသွားလာခြင်းကြောင့် ဖမ်းဆီးခံရသည့် ရိုဟင်ဂျာ အရေအတွက်သည် ၂ ဆ တိုးလာကာ အမှုတွဲ ၂,၀၀၀ ခန့်အထိ ရှိလာကြောင်း ယုံကြည်စိတ်ချရသော ရင်းမြစ်များက ဖော်ပြကြပါသည်။ ကုလသမဂ္ဂ အဖွဲ့၏ ကိန်းဂဏန်းများ အရ ဤအစီရင်ခံစာ တင်သွင်းသည့် ကာလအတွင်း ဘေးအန္တရာယ် များပြားလွန်းသည့် ပင်လယ်ပြင်အား ဖြတ်ကျော်ရန် ကြိုးပမ်းရင်း အနည်းဆုံး ရိုဟင်ဂျာ ၁၁၉ ဦးထက် မနည်း သေဆုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ရှိကြောင်း သိရှိပါသည်။ ဖော်ပြပါ စုစုပေါင်း ကိန်းဂဏန်းသည် လက်ရှိအခြေအနေတွင် အများကြီး ပိုနိုင်ပါသည်။ အဖမ်းခံရသည်နှင့် တပြိုင်နက် ရိုဟင်ဂျာများသည် ၁၉၄၉ ခုနှစ်၊ မှတ်ပုံတင် အက်ဥပဒေ သို့မဟုတ် ၁၉၄၇ ခုနှစ်၊ လူဝင်မှု ကြီးကြပ်ရေး အက်ဥပဒေတို့ဖြင့် အများစု စွဲချက်တင် အရေးယူခံရသည်ဟု ယုံကြည်စိတ်ချရသော ရင်းမြစ်များက အတည်ပြုခဲ့သည်။ အစီရင်ခံ တင်သွင်းသည့် ကာလအတွင်း နိုင်ငံတကာ တရားမျှတသော တရားစီရင်ရေး စံချိန်စံနှုန်းနှင့် မကိုက်ညီဘဲ ပွင့်လင်းမြင်သာမှု မရှိသည့် တရားစီရင်ရေး လမ်းကြောင်းများတွင် အနည်းဆုံး ရိုဟင်ဂျာ ၃၅၀ ဦးအား အတင်းအကျပ်

ဝန်ခံစေခြင်းအားဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ တရားရုံးတွင် ရိုဟင်ဂျာဘာသာစကားဖြင့် စကားပြန်ဆိုပေးခြင်းမျိုး မရှိကြောင်းနှင့် တရားစွဲ အမိန့်ချမှုများအား အလျှင်အမြန် ဆောင်ရွက်ကြောင်း၊ တခါတရံ တစ်ရက် အတွင်း တရားစွဲ အမိန့်ချကြောင်း သတင်းရင်းမြစ်များက အတည်ပြုခဲ့ပါသည်။ တရားသူကြီးများနှင့် ရှေ့နေများသည် အများအားဖြင့် ထောင်ဒဏ် နှစ်နှစ် အထိ တိုတောင်းသော ပြစ်ဒဏ် ချမှတ်စီရင်ပေးမည်ဟု ကတိပေးခြင်းအားဖြင့် ခုခံလျှောက်လဲသူများအား အပြစ်ရှိကြောင်း ဝန်ခံရန် လှည့်စားတတ်ကြပါသည်။

၄၃။ ရိုဟင်ဂျာ လူမျိုးအပေါ် မြန်မာစစ်တပ်၏ ပြောဆိုထုတ်ပြန်ချက်များနှင့် လုပ်ရပ်များသည် ခွဲခြားဆက်ဆံမှု ရှိပြီး လူမဆန်မှုများ ဆက်လက် ကျူးလွန်နေစဉ်တွင် 'အမျိုးသား ညီညွတ်ရေး အစိုးရ'သည် နိုင်ငံသား စိစစ်ရေး စနစ်အား ဖျက်သိမ်းရန်နှင့် ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ၎င်းတို့၏ 'ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ ပြည်သူများ ဆိုင်ရာ မူဝါဒ သဘောထား'နှင့် အညီ အလုံးစုံ ပါဝင်သော နိုင်ငံသား ဥပဒေသစ် တစ်ရပ် ပေါ်ပေါက်လာရန် ကတိကဝတ်ပြု ကြိုးပမ်းဆောင်ရွက်နေပါသည်။

## ဃ။ တရားဥပဒေ စိုးမိုးရေးနှင့် အရပ်ဘက် အခန်းကဏ္ဍ

### (၁) တရားဥပဒေ မူဘောင်အား လက်နက်သဖွယ် အသုံးချခြင်းနှင့် တရားစီရင်ရေး စနစ်အား ခြယ်လှယ်ခြင်း

၄၄။ မြန်မာစစ်တပ်၏ လုပ်ရပ်များသည် တစ်ဖက်သတ် ရေးဆွဲထားသော ဥပဒေများ ပြဋ္ဌာန်းခြင်း၊ တည်ဆဲ ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်းခြင်းနှင့် ၎င်းဥပဒေများ၊ ဥပဒေ အဖွဲ့အစည်းများအား အသုံးချ၍ အတိုက်အခံများအား ပစ်မှတ်ထားခြင်းနှင့် သဘောထား ကွဲလွဲမှုများအား ဖိနှိပ်ခြင်းအားဖြင့် နိုင်ငံ၏ ဥပဒေ စနစ်နှင့် ဥပဒေ အဖွဲ့အစည်းများအား ပစ်မှတ်ထားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေး အဖွဲ့အစည်း သို့မဟုတ် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် တပ်မတော်၏ ထိန်းချုပ်မှု အောက်တွင် အပြည့်အဝ ရောက်ရှိနေခြင်းကြောင့် ၎င်းတို့၏ သီးခြားလွတ်လပ်မှုနှင့် အများယုံကြည်လက်ခံနိုင်မှုမှာ ဆုံးရှုံးသွားပြီ ဖြစ်သည်။

၄၅။ ၂၀၂၂ ခုနှစ်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ [14] အား ပြင်ဆင်ခဲ့ပြီး ပိုမို ပြင်းထန်သော ပြစ်ဒဏ်များနှင့် ဥပဒေအား လိုသလို အသုံးချရန် မရေရာသော ပြဋ္ဌာန်းချက်များအား ထည့်သွင်းမိတ်ဆက်ခဲ့သည်။ ဤအစီရင်ခံစာ တင်သွင်းသည့် ကာလအတွင်း လူပေါင်း ၂၂၆ ဦး စွဲချက်တင်ခံထားရကာ ၁၂၄ ဦးအား ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ [15] မေလ ၂၅ ရက်နေ့တွင် မြန်မာစစ်တပ်က ရဲတပ်ဖွဲ့ကို တပ်၏ တိုက်ရိုက်ကွပ်ကဲမှု အောက်သို့ သွပ်သွင်းရန် ရည်ရွယ်သည့် ဆောင်ရွက်ချက် အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဥပဒေအား ပြဋ္ဌာန်းခဲ့သည်။ [16] ၎င်းဥပဒေ အရ ရဲတပ်ဖွဲ့ဝင်များသည် မည်သည့် အချိန်မဆို ဝရမ်းမရှိဘဲ ဖမ်းဆီးထိန်းသိမ်းခွင့် ရရှိလာခဲ့သည့် အချိန်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အကြီးတန်း အရာရှိများအား ခန့်အပ်ခွင့်နှင့် အဖွဲ့အစည်း ဆိုင်ရာ စီမံခန့်ခွဲခွင့် စသည့် အဟန့်အတားမဲ့ အခွင့်အာဏာအား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား အပ်နှင်းထားသလို နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး ကိစ္စရပ်များနှင့် ဆက်စပ်ပါက ရဲတပ်ဖွဲ့အား မြန်မာစစ်တပ်၏ အရံတပ်ဖွဲ့ အဖြစ် စစ်တပ်၏ စစ်ဆင်ရေးများ၌ အသုံးချခွင့်ကိုပါ ခွင့်ပြုထားသည်။

---

[14] https://www.law-democracy.org/live/myanmar-note-on-the-2021-amendment-to-the-counter-terrorism-law/

[15] https://airtable.com/shr9w3z7dyloqdUv4/tbl8hVtSci8VifbO9.

[16] https://www.law-democracy.org/live/myanmar-note-on-police-force-law/

၄၆။ စစ်တပ်က ထိန်းချုပ်ထားသည့် တရားရုံးရှိ တရားခွင် အမှုတွဲများမှာ အခြေခံ တရားမျှတသော တရားခွင် လုပ်ထုံးလုပ်နည်းများနှင့် အညီ အမိန့်ချ ဆောင်ရွက်ခြင်း မရှိသလို ထိုအချက်အား ဖမ်းဆီးထိန်းသိမ်းခံနေရသည့် နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို တရားစွဲဆိုထားသည့် အမှုတွဲများက သက်သေပြနေပါသည်။ [17] အကျဉ်းထောင်တွင်းရှိ အထူးတရားရုံးများတွင် တခါးပိတ် အမှု စစ်ဆေးမှုများ ပြုလုပ်လေ့ရှိပြီး များသောအားဖြင့် စွပ်စွဲခံရသူသည် ဥပဒေအရ ကိုယ်စားပြုခွင့်၊ ရှေ့နေခေါ်ခွင့် မရကြသလို အယူခံဝင်ခွင့်နှင့် အခြား တိုင်ကြားမှု ဆိုင်ရာ လုပ်ငန်းစဉ်များမှာလည်း အကျိုးရလဒ် မဖြစ်ထွန်းသည့် သမားရိုးကျ လုပ်ထုံးလုပ်နည်းများသာ ဖြစ်ကြောင်း အင်တာဗျူး ဖြေဆိုသူ အများအပြားက ဆိုကြသည်။ ဇူလိုင်လတွင် မြန်မာနိုင်ငံအတွင်း နှစ်ပေါင်း သုံးဆယ်ကျော် ဆိုင်းငံ့ထားပြီ ဖြစ်သော သေဒဏ်ပေးမှုအား ပြန်လည် စီရင် အကောင်အထည် ဖော်လာကာ လူလေးဦးအား ကွပ်မျက်စီရင်ခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်နေ့ အထိ ၁၄၃ ဦးမှာ သေဒဏ် ချမှတ်ခံခဲ့ရပြီး တရားစီရင်ချိန်တွင် တရားရုံးတွင် မရှိသူ ၄၂ ဦးလည်း ပါဝင်သည်။[18]

၄၇။ ရှေ့နေများ၊ ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် တရားရေးစနစ်နှင့် အကျဉ်းထောင် စနစ်များနှင့် အကျွမ်းတဝင်ရှိသော အချက်အလက် ပေးသူများ၏ အဆိုအရ မြန်မာစစ်တပ် ထိန်းချုပ်သော တရားရုံးများသည် သီးခြားလွတ်လပ်မှုနှင့် ဘက်မလိုက်ရေး ဆိုင်ရာ ပင်မ အခြေခံမှုများအား စနစ်တကျ ချိုးဖောက်နေကြောင်း အတည်ပြုခဲ့ပါသည်။ တရားစွဲဆိုထားသည့်အတိုင်း ပြစ်ဒဏ်ချမှတ်မည် ဖြစ်သောကြောင့် အချို့ အကျဉ်းသားများအား တရားသူကြီးက တရားခွင်ကို မလာဖို့ တောင်းဆိုခဲ့သည်ဟု အချို့က ဆိုကြသည်။ သို့သော် ရှေ့နေများသည် ပုဂ္ဂိုလ်ရေး ဘေးဖြစ်နိုင်ခြေ လွန်စွာ ကြီးလေးသော်လည်း ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက် ထမ်းဆောင်ခဲ့ကြသည်။ အာဏာသိမ်းပြီးနောက် ရှေ့နေ ၄၉ ဦးခန့်ကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့မှ အနည်းဆုံး ရှေ့နေခုနစ်ဦးအား မဟုတ်မမှန်သော တဖက်သတ် စွပ်စွဲချက်များဖြင့် တရားစီရင်ခဲ့သည်။

၄၈။ အောက်တိုဘာလ ၂၈ ရက်နေ့တွင် မြန်မာစစ်တပ်က ၂၀၁၄ ခုနှစ်၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်း ဥပဒေအား ပြင်ဆင်ရေးဆွဲခဲ့ပြီးနောက် အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးပေးနိုင်စွမ်းအား ပိုမို ကန့်သတ်လာသည်။[19] ပြင်ဆင်မှု ပြဋ္ဌာန်းချက်များတွင် အဖွဲ့အစည်း မှတ်ပုံတင်ခြင်းအား မဖြစ်မနေ ဆောင်ရွက်ကြရန်နှင့် ဥပဒေပါ အကြောင်းအရာများအား လိုက်နာရန် ပျက်ကွက်ပါက ရာဇဝတ်မှု ပြစ်ဒဏ်အရ ထောင်ဒဏ် ငါးနှစ် အထိ ချနိုင်ကြောင်း ထည့်သွင်း ဖော်ပြလာသည်။ အခကြေးငွေ ပေးဆောင်ရခြင်း၊ အစီရင်ခံ တင်ပြရမည့် တာဝန်ဝတ္တရားများနှင့် ဒေသန္တရ အာဏာပိုင် အဖွဲ့အစည်း အမျိုးမျိုးမှ မဖြစ်မနေ ခွင့်ပြုချက် ရယူရခြင်း စသည့် အချက်များ အပါအဝင် အခြား စည်းကမ်းလိုအပ်ချက်များသည် အရပ်ဘက် လူမှု အဖွဲ့အစည်းများအားား တားဆီးနှောင့်ယှက်ရန် ဒီဇိုင်းဆင် ရေးဆွဲထားသည့်ပုံ ပေါက်ပါသည်။ နိဂုံးအားဖြင့် ဆိုရလျှင် မူလတန်း ပညာရေး အလွန်၌ စာသင်ကျောင်းများတွင် လူနည်းစု တိုင်းရင်းသား ဘာသာစကားများဖြင့် ပညာသင်ကြားခွင့်ပြုသည့် ဥပဒေ ပြဋ္ဌာန်းချက်များအား မြန်မာစစ်တပ်က အောက်တိုဘာလ ၂၉ ရက်နေ့၌ ဖျက်သိမ်း၍ အမျိုးသား ပညာရေး ဥပဒေအား ပြင်ဆင်ရန် ဆောင်ရွက်ခဲ့သည်။ ဤသို့သော ဥပဒေပြင်ဆင်ချက်များ အရ လူနည်းစု တိုင်းရင်းသားများ၏ အခွင့်အရေးကို ထည့်သွင်းစဉ်းစားခြင်း မပြုဘဲ ဗမာ လူမျိုးကြီးကသာ ပုံသွင်းဖွင့်ဆိုထားသည့် နိုင်ငံတစ်ရပ်ကို မြန်မာစစ်တပ် မျှော်မှန်းဖန်တီးရန် ကြိုးပမ်းခဲ့ပုံ ပေါ်ပါသည်။

17 https://www.ohchr.org/en/2021/12/myanmar-bachelet-deplores-conviction-and-sentencing-aung-san-suu-kyi

18 https://aappb.org/?p=24057

19 https://bangkok.ohchr.org/ngo-law-myanmar/ နှင့် အပိုဒ် ၄၈ အား ကြည့်ပါ။

## (၂) လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ရေး လုံခြုံမှု

၄၉။ ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလ ၁ ရက်နေ့နောက်ပိုင်းတွင် မြန်မာစစ်တပ်သည် အမျိုးသမီး ၃,၆၁၀ ဦးနှင့် ကလေး ၃၈၁ ဦး အပါအဝင် လူပေါင်း ၁၇,၅၇၂ ဦးကို နိုင်ငံရေး ခံယူချက် အပေါ် အခြေခံ၍ ဖမ်းဆီးခဲ့သည်။[20] အာဏာသိမ်းပြီးနောက် နိုင်ငံ၏ အားလပ်ရက်များတွင် မြန်မာစစ်တပ်က အကျဉ်းသား အမြောက်အများ လွှတ်ပေးကြောင်း ကြေညာခဲ့ပြီး ယုံကြည်စိတ်ချရသည့် ရင်းမြစ်များ အရ လွှတ်မြောက်လာသူများတွင် နိုင်ငံရေး အကျဉ်းသား အရေအတွက်မှာ အနည်းစုသာ ရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။ ထိုသို့ ပြန်လွှတ်ပေးခဲ့သည့် နိုင်ငံရေး အကျဉ်းသားများကိုလည်း ချက်ချင်း ပြန်လည် ဖမ်းဆီးမှု အများအပြား ရှိကြောင်း ဆိုသည်။ ခိုင်လုံသော သတင်းရင်းမြစ်များ အရ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ အထိ အနည်းဆုံး လူဦးရေ ၁၃,၇၆၃ ဦးအား ဆက်လက် ဖမ်းဆီးထိန်းသိမ်းထားဆဲ ဖြစ်သည်။

၅၀။ မည်သူမဆို အချိန်မရွေး အဖမ်းခံရနိုင်သည်ဟု အင်တာဗျူး ဖြေဆိုသူ အများအပြားက ဆိုကြသည်။ မြန်မာစစ်တပ်သည် စစ်တပ် ဆန့်ကျင်ရေး အုပ်စုများနှင့် ၎င်းတို့၏ မိသားစုများနှင့် အဆက်အစပ် ရှိသည်ဟု စွပ်စွဲခံထားရသော လူပုဂ္ဂိုလ်များကို ပိုမို ပစ်မှတ်ထားလာကြောင်း ၎င်းတို့က မှတ်ချက်ပြုခဲ့သည်။ ထူးခြားသည်မှာ ဖမ်းဝရမ်း ထုတ်ခံထားရသော အထင်ကရ ပုဂ္ဂိုလ်များ၏ မိသားစုဝင်များမှာ တရားလက်လွတ် ဖမ်းဆီးခံရမှုနှင့် ထိန်းသိမ်းချုပ်နှောင်ခံရမှုကို ပိုမို ကြုံတွေ့လာခြင်း ဖြစ်သလို ၎င်းတွင် သုံးနှစ် အရွယ် ကလေးမှ အစ ကလေးသူငယ်များအား မကြာမကြာ ပြန်ပေးဆွဲခြင်းနှင့် ဓားစာခံ အဖြစ် ဖမ်းဆီးခြင်းများ အပါအဝင် အချို့ အခြေအနေများတွင် အဓမ္မ အစဖျောက်ခြင်းကဲ့သို့ ပုံစံများ ရှိပါသည်။

၅၁။ အများအားဖြင့် စစ်ကြောရေး စခန်းများတွင် မြန်မာစစ်တပ်သည် ဖမ်းဆီးထိန်းသိမ်းထားသူများ အပေါ် ညှင်းပန်းနှိပ်စက်ခြင်းနှင့် လူမဆန်စွာ ဆက်ဆံခြင်းဟု ယူဆနိုင်သော နည်းများအား စဉ်ဆက်မပြတ် အသုံးချနေကြောင်း ခိုင်မာသော သတင်းရင်းမြစ်များက အစဉ်တစိုက် ဆိုပါသည်။ အင်တာဗျူး ဖြေဆိုသူများက အပြင်းအထန် ရိုက်နှက်မှု၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ရန် ကွပ်မျက်မည့် ပုံစံဖြင့်ထားခြင်း၊ အစားရေစာ မပေးဘဲ မျက်နှာကျက်မှ တွဲလောင်းချထားခြင်း၊ လျှပ်စစ်ရှော့ခ်တိုက်ခြင်း၊ အခြားသူများရှေ့တွင် အဝတ်မပါဘဲ နေစေခြင်းနှင့် အမျိုးသားနှင့် LGBTIQ+ ခံယူချက်ရှိသူများ အပါအဝင် လိင်အကြမ်းဖက်ခြင်း စသည့် ဖြစ်ရပ်များအား ကြုံတွေ့ရကြောင်း ဖော်ပြခဲ့ပါသည်။ ယခင်က ဆန္ဒပြပွဲများ၏ ခေါင်းဆောင်ပိုင်းကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်ကာ စိစစ်စစ်ကြောခဲ့သော်လည်း နောက်ပိုင်းတွင် ဖမ်းဆီးခံရသူများအား စစ်တပ်ဆန့်ကျင်ရေး အုပ်စုများနှင့် အဆက်အသွယ် ရှိမရှိကို အထူးပြု၍ စုံစမ်းစစ်ဆေးမှုများ ပိုမို ပြုလာသည်။ ဖမ်းဆီးချုပ်နှောင်ရာ နေရာ၌ လူများအား ပြွတ်သိပ်စွာ ထားရှိခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်ရှင်းမှု မရှိခြင်းနှင့် ကျန်းမာရေး ဝန်ဆောင်မှု မရနိုင်ခြင်း သို့မဟုတ် ဆေးကုသခွင့်၊ အစားရေစာ သုံးဆောင်ခွင့် မပေးခြင်း စသည့် ညှင်းပန်းနှိပ်စက်သည့် အခြေအနေသို့ ဦးတည်သည့် ဆိုးရွားသော အခြေအနေများ ရင်ဆိုင်ကြုံတွေ့ရကြောင်း တသမတ်တည်း ဖော်ပြချက်များအား OHCHR က လက်ခံရရှိသည်။ ညှင်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ဆက်ဆံခြင်း သို့မှုတ် ဆေးကုသခွင့် လုံလောက်စွာ မပေးခြင်းတို့ကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နေရာများတွင် သေဆုံးမှု အရေအတွက်မှာ စိုးရိမ်ဖွယ်ရာ အဆင့်အထိ တိုးနေပါသည်။ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကုသခြင်း သို့မဟုတ် ဆေးကုသခွင့် မလုံလောက်ခြင်းတို့ကြောင့် ထိန်းသိမ်းခံထားရသော သေဆုံးမှုများသည် စိုးရိမ်ဖွယ်ရာအဆင့်အထိ ဆက်လက် ရှိနေပါသည်။

[20] https://airtable.com/shr9w3z7dyloqdUv4

၅၂။ ဖမ်းဆီးထိန်းသိမ်းရေး စခန်းများရှိ ကလေးသူငယ်များ၏ အခြေအနေမှာ အလွန်အမင်း စိုးရိမ်ဖွယ်ရာ ကောင်းနေပြီး ၎င်းတို့၏ မိဘများသည် စစ်တပ် ချုပ်ကိုင်သော တရားရုံးများတွင် အကြမ်းဖက်မှု ဆန့်ကျင်ရေး ရာဇဝတ်မှု ပုဒ်မများဖြင့် အမှုရင်ဆိုင်နေကြသော်လည်း ထိုကလေးငယ်များမှာ ကလေးသူငယ် ထိန်းသိမ်းရေး စခန်းများ၊ ရဲစခန်းများ၊ အကျဉ်းထောင်များ နှင့် စစ်တပ် စစ်ကြောရေး စခန်းများတွင် ၎င်းတို့၏ မိသားစုဝင်များ မပါဝင်ဘဲ တရားလက်လွှတ် ဆက်လက် ဖမ်းဆီးထိန်းသိမ်းခံနေရပါသည်။ ကုလသမဂ္ဂ၏ အချက်အလက်များ အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ဒီဇင်ဘာလ အတွင်း ကလေးသူငယ်များအား လက်နက်ကိုင် အုပ်စုများနှင့် စစ်တပ် ဆန့်ကျင်ရေး အဖွဲ့များနှင့် ထိတွေ့ဆက်ဆံမှု ရှိသည် ဟူသော စွပ်စွဲချက်ဖြင့် ၎င်းတို့၏ လုပ်ရပ် အတွက် ဥပဒေ လမ်းကြောင်းအရ တာဝန်ခံနိုင်မှု မရှိသေးသည့် အသက်မပြည့်သေးသော ကလေးငယ် ၁၂၉ ဦးထက် မနည်း ဖမ်းဆီးထိန်းသိမ်းခံရပါသည်။ ခိုင်လုံသော သတင်း ရင်းမြစ်များ၏ ပြောကြားချက် အရ စစ်ကြောရေး စခန်းများတွင် ညှင်းပန်းနှိပ်စက်ခံနေရသော ကလေးသူငယ်ပေါင်း ၁၀၄ ဦးတို့မှာ ဝမ်းဗိုက်အား ချွန်ထက်သည့် အရာဖြင့် ထိုးခြင်း၊ လျှပ်စစ်ရှော့ခ်တိုက်ခြင်းနှင့် လက်သည်းခွံ ဆွဲခွာခြင်း စသည့် နည်းအမျိုးမျိုးဖြင့် ညှင်းပန်းနှိပ်စက်ခံခဲ့ရကြောင်း သိရသည်။

၅၃။ အမျိုးသမီးများမှာလည်း ဖိနှိပ်မှု၏ အဓိက ပစ်မှတ်များ အဖြစ် ဆက်လက် တည်ရှိနေပြီး ဖမ်းဆီးထိန်းသိမ်းခံထားရသည့် အခြေအနေ၌ လုံလောက်သည့် ကာကွယ်စောင့်ရှောက်မှုများ မရရှိသည့် အခြေအနေများနှင့် အများအားဖြင့် ရင်ဆိုင်နေရပါသည်။ ကျူးလွန်ခံရသူများနှင့် ရှင်သန်ကျန်ရစ်သူများထံ ဘေးကင်းလုံခြုံစွာ ချဉ်းကပ် ဆက်သွယ်ရန် အလွန်အမင်း ခက်ခဲလှသော်လည်း အဓမ္မကျင့်ခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သာမက အိမ်သာနှင့် အမျိုးသမီး လစဉ်သုံး ပစ္စည်းများအား မလုံလောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက် စော်ကားခြင်းနှင့် နှုတ်ဖြင့် ကြမ်းတမ်းစွာ ပြောဆိုခြင်း ကဲ့သို့ လူမဆန်သော လုပ်ရပ်များအား ကြုံတွေ့ခံစားရကြောင်း များစွာသော သတင်းရင်းမြစ်များက ဖော်ပြကြပါသည်။ အလားတူ LGBTIQ+ ခံယူချက် ရှိသူများလည်း သီးခြား ဘေးအန္တရာယ်များအား ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ LGBTIQ+ ခံယူချက် ရှိသူများသည် ဖမ်းဆီးထိန်းသိမ်းခံရစဉ်တွင် အဓမ္မကျင့်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ ရိုက်နှက်မှု၊ နှောင့်ယှက်မှုနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှု ပုံစံအမျိုးမျိုးအား ရင်ဆိုင်ကြုံတွေ့ရကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ကြသည်။ အင်တာဗျူး ဖြေကြားသူများ၏ အဆိုအရ ၎င်းတို့ အပေါ် ကျူးလွန်ခဲ့သော အကြမ်းဖက်မှုများသည် ၎င်းတို့၏ လိင်စိတ်ခံယူမှု သို့မဟုတ် ကျားမဆိုင်ရာ အမှတ်သင်္ကေတ အပေါ် အထူးပြု၍ ပစ်မှတ်ထားခံရပုံပေါ်ကြောင်း၊ ညှင်းပန်းနှိပ်စက်ခံရစဉ် လိင်တူ ချစ်သူများမှာ စအိုမှ အဓမ္မကျင့်ခံရကြောင်း၊ လိင်ပြောင်း အမျိုးသမီးများမှာ ၎င်းတို့၏ ရင်သားများကို ပစ်မှတ်ထား၊ လျှောင်ပြောင်ရှုံ့ချကြကြောင်း သိရပါသည်။

## (၃) အခြေခံ လွတ်လပ်ခွင့်

၅၄။ ၂၀၂၁ ခုနှစ်၊ဖေဖဝါရီလ ၁ ရက်နေ့မှ စ၍ မြန်မာစစ်တပ်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်နှင့် သွားလာခွင့်၊ လူထု ပါဝင်ဆောင်ရွက်ခွင့်တို့ အပေါ် ကန့်သတ်ခြင်း ကဲ့သို့ အရပ်ဘက် ကဏ္ဍအပေါ် အလွန်အမင်း ကန့်သတ်သည့် စည်းကမ်းချက်များ ထုတ်ပြန်ဆောင်ရွက်လာပါသည်။ မြန်မာစစ်တပ်အား ဆန့်ကျင်သူများသည် ၎င်းတို့၏ အခွင့်အရေးအား အင်တာနက်နှင့် လက်တွေ့တွင် ငြိမ်းချမ်းစွာ အသုံးချနေသည့် အတွက် နှောင့်ယှက်ခြင်း၊ ဖမ်းဆီးခြင်းနှင့် တရားစွဲဆိုခြင်းများအား ဆက်လက် ကြုံတွေ့နေရပါသည်။ စက်တင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာစစ်တပ်သည် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များအား ထောက်ခံသည်ဟု ယူဆသည့် လူမှုကွန်ရက် အပေါ်

ရေးသားတင်ပြမှုများအား “Like ပေးသည့်” လုပ်ရပ်များ အပါအဝင် အတိုက်အခံများ၏ လုပ်ရပ်ဟု ယူဆသတ်မှတ်သည့် လူမှုကွန်ရက် လှုပ်ရှားမှုများအား ရာဇဝတ်မှု အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယင်းကဲ့သို့ လုပ်ရပ်များ ကျူးလွန်ပါက ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်ပါသည်။ ထို့အပြင် မြန်မာစစ်တပ်သည် သီးခြားလွတ်လပ်သည့် သတင်းဌာန ၁၃ ခုနှင့် ပုံနှိပ်တိုက် ၈ ခုကိုလည်း လိုင်စင်များ ရုတ်သိမ်းခဲ့သည်။ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်မှုများ အတွင်း အရပ်သား ထိခိုက်သေကြေမှု ရှိသည့် ကိစ္စရပ်တွင် မြန်မာစစ်တပ်၌ တာဝန်ရှိကြောင်း ဧရာဝတီ သတင်းဌာနက ဖော်ပြခဲ့သည့် အတွက် [21] ၎င်း၏ လိုင်စင်ကို ရုပ်သိမ်းခဲ့ပြီး ဤသို့ လိုင်စင် ရုပ်သိမ်းသည့် ဆုံးဖြတ်ချက်သည် လက်တုံ့ပြန်တတ်သည့် သဘောသဘာဝကို မီးမောင်းထိုး ပြသနေပါသည်။ ခိုင်လုံသော သတင်းရင်းမြစ်များ အရ ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလမှ စ၍ အမျိုးသမီး ၂၇ ဦး အပါအဝင် သတင်းထောက် ၁၇၈ ဦး ဖမ်းဆီးခံရကြောင်း၊ ထိုသို့ ဖမ်းဆီးခံရသူ ၁၇၈ ဦးမှ အမျိုးသမီး ၇ ဦး အပါအဝင် စုစုပေါင်း ၅၈ ဦးမှာ ဆက်လက် အကျဉ်းကျနေကြောင်း၊ စုံစမ်းစစ်ဆေးမှုနေစဉ် ၎င်းတို့အပေါ် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စော်ကားအနိုင်ကျင့်မှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့ကြောင်း သိရပါသည်။ စစ်တပ် တရားရုံးများတွင် မီဒီယာသမားများ အပေါ် ကြီးလေးသည့် ပြစ်ဒဏ်များ ပါဝင်သော အကြမ်းဖက်မှု ဥပဒေများဖြင့် စွဲချက်တင် အရေးယူမှုများ ပိုမို တိုးလာသည်မှာ စိုးရိမ်ဖွယ်ရာ ကောင်းလာပါသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အလွတ်တန်း သတင်းထောက် တစ်ဦးအား မြန်မာစစ်တပ် ဆန့်ကျင်ရေး အဖွဲ့ဝင်များဖြင့် အင်တာဗျူးခဲ့သည့် အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ပါသည်။ ထိုသို့သော ခြိမ်းခြောက်မှုနှင့် နှောင့်ယှက်မှု အခြေအနေများကြောင့် မြန်မာနိုင်ငံ အခြေစိုက် သီးခြားလွတ်လပ်သော သတင်းတင်ဆက်မှုနှင့် မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်များအား ကန့်သတ်လိုက်ကာ မီဒီယာသမား အမြောက်အများကို လျှို့ဝှက်သတင်းယူသူများ ဖြစ်စေရန် သို့မဟုတ် ပြည်ပသို့ ထွက်ခွာစေရန် တွန်းအားပေးနေပါသည်။

၅၅။ အင်တာနက် ဖြတ်တောက်ခြင်းကြောင့် အကြမ်းဖက်မှု ဒဏ်ခံနေရသော ဒေသများ အတွင်း ဘေးကင်းလုံခြုံသော ဆက်သွယ်ရေးနှင့် အသက်ကယ်မည့် သတင်း အချက်အလက်များ ရရှိနိုင်မှုတို့အပေါ် အတားအဆီးများ ဆက်လက် ဖြစ်စေပါသည်။ ၂၀၂၁ ခုနှစ်တွင် အင်တာနက် ဖြတ်တောက်ထားသော မြို့နယ် ၂၅ ခုတွင် လက်ရှိအချိန်အထိ အင်တာနက် ဖြတ်တောက်မှုများ ဆက်လက် ရှိနေကြောင်းနှင့် လက်နက်ကိုင် တိုက်ပွဲဖြစ်ပွားမှုနှင့် ဆက်စပ်၍ အခြားဒေသများတွင် အင်တာနက် ဖြတ်တောက်မှုများ ရှိနေကြောင်း OHCHR က အတည်ပြု ပြောကြားခဲ့ပါသည်။ သို့သော်လည်း မြန်မာ စစ်တပ်က “ဆက်သွယ်ရေး တာဝါတိုင် ၁,၂၈၄ ခု” ကို ဖျက်ဆီးခဲ့သော စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များကို အပြစ်တင်ခဲ့သည်။ အင်တာဗျူး ဖြေဆိုသူများက ကိုယ်ရေးကိုယ်တာ အချက်အလက် ထိန်းသိမ်းခွင့် အပါအဝင်၊ သတင်းအချက်အလက်များ လက်ခံရယူခွင့်နှင့် ပေးပို့ခွင့် သာမက ပုဂ္ဂိုလ်ရေး အချက်အလက်များအား မသမာသည့် ရည်ရွယ်ချက်ဖြင့် အသုံးချခံရခြင်း စသည့် မိုဘိုင်း ဆက်သွယ်ရေးနှင့် ဆက်စပ်၍ လူ့အခွင့်အရေး ချိုးဖောက်နိုင်မှု အပေါ် စိုးရိမ်မှုရှိကြောင်း ဖော်ပြခဲ့ကြသည်။ တယ်လီဖုန်း ဆက်သွယ်ရေး ကုမ္ပဏီများ၏ လိုင်စင်ရပိုင်ခွင့် ကိစ္စရပ်များသည် မြန်မာစစ်တပ်၏ အခွင့်အာဏာ အပေါ်တွင်သာ မူတည်နေသောကြောင့် စစ်တပ်၏ လွှမ်းမိုးမှုနှင့် အလွန်အမင်း စောင့်ကြည့်မှုများ သိသိသာသာ တိုးလာပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးအပတ်တွင် ဖုန်းဆင်းမ်ကဒ်များကို ကိုယ်ရေးအချက်အလက် အသေးစိတ် ထည့်သွင်းဖော်ပြခြင်းဖြင့် မဖြစ်မနေ မှတ်ပုံတင်ရန်

[21] https://www.irrawaddy.com/news/burma/after-repeated-crackdowns-myanmar-junta-officially-bans-the-irrawaddy.html#google_vignette

မြန်မာစစ်တပ်က စက်တင်ဘာလ ၁၉ ရက်နေ့၌ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထိုသို့ ဆင်းမ်ကဒ် မှတ်ပုံတင်ဖို့ လိုက်နာရန် ပျက်ကွက်ပါက ၎င်းဆင်းမ်သည် အပြီးအပိုင် ပိတ်သိမ်းခံရမည် ဖြစ်သည်။

၅၆။ အရပ်ဘက် ကဏ္ဍအပေါ် ကန့်သတ်ချက်များကြောင့် အကူအညီ လိုအပ်နေသော လူထုထံသို့ အထောက်အပံ့ ပစ္စည်းများနှင့် ဝန်ဆောင်မှု အကူအညီများ ပေးပို့ဆောင်ရွက်ပေးနေသော ဒေသခံ အဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည် ဖော်ဆောင်မှု အပေါ် သိသိသာသာ သက်ရောက်မှု ရှိခဲ့ပြီး ၎င်းအဖွဲ့အစည်းများမှာ ကြီးလေးသော ပုဂ္ဂိုလ်ရေး ဘေးအန္တရာယ်များ အကြား၌ မလောက်ငသော အထောက်အပံ့ အနည်းငယ်ဖြင့် ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ အထူးသဖြင့် လူသားချင်း စာနာမှု လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများ အပေါ် တင်းကျပ်သော ကန့်သတ်ချက်များ ချမှတ်ခြင်းနှင့် လုံခြုံရေး အခြေအနေ ဆိုးရွားလာသည့် လုပ်ငန်းရပ်ဝန်းကြောင့် အကူအညီ လိုနေသူများထံသို့ ကာကွယ်စောင့်ရှောက်မှု ပေးသည့် ဝန်ဆောင်မှုများနှင့် စာနပ်ရိက္ခာ၊ ဆေးဝါး အထောက်အပံ့၊ အမိုးအကာ ကဲ့သို့ ကယ်ဆယ်ရေး ဝန်ဆောင်မှုများ အပြင် ဘေးကင်းသန့်ရှင်းသော သောက်သုံးရေနှင့် ရေချိုးခန်းအိမ်သာ အထောက်အပံ့များ စသည့် လူသားချင်း စာနာမှု ဆိုင်ရာ အကူအညီများ ပေးနိုင်ရေးတွင် အနုတ်လက္ခဏာ ဆောင်သော သက်ရောက်မှုများ ရှိစေပါသည်။ အကျိုးအမြတ် မယူသည့် အဖွဲ့အစည်းများ အနေဖြင့် မဖြစ်မနေ မှတ်ပုံတင်ရန် ဖော်ပြထားသော ပြဋ္ဌာန်းချက် အသစ်များသည် အရပ်ဘက် ကဏ္ဍအား ပိုမို ခြိမ်းခြောက်လာသလို လူသားချင်း စာနာမှု အဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည် ဖော်ဆောင်နိုင်စွမ်းကိုလည်း အကျပ်ရိုက်စေမည် ဖြစ်ပါသည်။ (အပိုဒ် ၄၈ ကို ကြည့်ပါ)။

၅၇။ မြန်မာစစ်တပ်သည် လူထုအား ထိန်းချုပ်ရန် အကြမ်းဖက်နည်းအား အသုံးချခြင်းသည် ထိရောက်မှု မရှိကြောင်း ပြသနေသလို ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူများကိုလည်း တားဆီးရန် ခက်ခဲနေပါသည်။ မြို့ပြနှင့် ကျေးလက်ရှိ လူထုသည် နိုင်ငံအဝှမ်းရှိ အသံတိတ် သပိတ်အား ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခြင်းမျိုး အပါအဝင် အခြား နည်းများဖြင့်လည်း ၎င်းတို့၏ မကျေနပ်ချက်အား ဆက်လက် ပြသနေဆဲ ဖြစ်ပါသည်။ စည်းရုံးသူများနှင့် ဆန္ဒပြသူများသည် စဉ်ဆက်မပြတ် ခြိမ်းခြောက်ခံနေရကာ ၎င်းတို့၏ လုပ်ဆောင်ချက်များ အတွက်လည်း ဖမ်းဆီးခံနေရပါသည်။ အလားတူပင် သမဂ္ဂ အဖွဲ့ဝင်များ၊ အလုပ်သမားများနှင့် လုပ်သား တက်ကြွလှုပ်ရှားသူများသည်လည်း အလားတူ ဆန္ဒပြမှုများ အတွက် ဒဏ်ခတ် အပြစ်ပေးခံရခြင်းနှင့် နှောင်ယှက်ခံရခြင်းများ ကြုံတွေ့နေရခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) အဖွဲ့က လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း ဆိုင်ရာ အခွင့်အရေးအား ချိုးဖောက်နေမှု အပေါ် စုံစမ်းစစ်ဆေးရန် ၂၀၂၂ ခုနှစ်၊ မတ်လ အတွင်း ကော်မရှင် တစ်ရပ် ဖွဲ့စည်းရန် ဦးတည်စေပါသည်။ ဤအစီရင်ခံစာ ရေးသားချိန်တွင် ILO ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုအား စတင် ဆောင်ရွက်နေပြီ ဖြစ်ပြီး ၎င်း၏ ကနဦး တွေ့ရှိချက်အား ၂၀၂၃ ခုနှစ်၊ အစောပိုင်းတွင် ထုတ်ပြန်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။

## C။ စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ အခွင့်အရေးများ

၅၈။ မြန်မာနိုင်ငံသည် ပိုမိုနက်ရှိုင်းလာသော စီးပွားရေး အကျပ်အတည်းနှင့် ပိုမို ဆိုးရွားလာသော လူသားချင်း စာနာမှု ဆိုင်ရာ အရေးပေါ် အခြေအနေ၏ ချောက်နက်အတွင်း ကျရောက်နေပါသည်။ မြန်မာစစ်တပ်၏ စီးပွားရေး စီမံခန့်ခွဲမှု လွဲချော်မှုတို့ကြောင့် မြောက်များစွာသော မြန်မာပြည်သူ လူထုသည် စီးပွားရေး အကျပ်အတည်းများ ရင်ဆိုင်လာရပြီး ၂၀၂၀ ခုနှစ်၊ မတ်လ စစ်တမ်းနှင့် နှိုင်းယှဉ်ပါက ဆင်းရဲမွဲတေမှု နှုန်းမှာ နှစ်ဆတိုးလာကာ နိုင်ငံ့လူဦးရေ၏ ထက်ဝက်နီးပါးသည်

ဆင်းရဲမွဲတေမှုမျဉ်းအောက်သို့ သက်ဆင်းကြရသည်။[22] မြန်မာစစ်တပ်၏ လုပ်ရပ်များကြောင့် စီးပွားရေး လုပ်ငန်း အများအပြားမှာ ရင်းနှီးမြုပ်နှံမှုမှ ရုတ်သိမ်းခြင်းနှင့် စစ်တပ်နှင့် စီးပွားရေး အဆက်အသွယ် ဖြတ်တောက်ခြင်းများ ရှိလာကာ စစ်တပ်၏ အကြီးတန်း အရာရှိကြီးများနှင့် စစ်တပ်ပိုင် စီးပွားရေး လုပ်ငန်းများ အပေါ် ပစ်မှတ်ထား ပိတ်ဆို့ အရေးယူမှုများ တိုးလာပြီး ၎င်းတို့ ဦးဆောင်သည့် နိုင်ငံအား အထီးကျန်မှုသို့ ဦးတည်စေကြောင်း မီးမောင်းထိုးပြပါသည်။ စစ်တပ် အာဏာသိမ်းမှု၏ သက်ရောက်မှုကြောင့် မြန်မာ့စီးပွားရေး အပေါ် ဆိုးကျိုး သက်ရောက်မှုများအား ထောက်ရှုလျက် အစိုးရ အချင်းချင်း ပေါင်းစပ်လုပ်ဆောင်သည့် Financial Action Task Force အဖွဲ့သည် မြန်မာနိုင်ငံအား ငွေကြေးခဝါချမှု ဆိုင်ရာ အန္တရာယ်ရှိသည့် နိုင်ငံစာရင်းတွင် ထည့်သွင်းပြီး စီးပွားရေး ဆိုင်ရာ ဆက်ဆံရေးများ အတွက် အထူးဂရုပြု ဆန်းစစ်ရန် လိုအပ်ကြောင်း သတ်မှတ်ခဲ့ပါသည်။[23]

၅၉။ မြန်မာစစ်တပ်သည် စစ်ဆင်ရေးများ ဆင်နွှဲနေသည် သာမက အရပ်သားများကိုလည်း ၎င်းတို့၏ နေအိမ်မှ အဓမ္မ နှင်ထုတ်ခြင်းနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများအား သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ ဥပမာအားဖြင့် နိုဝင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ လူပေါင်း ၅၀,၀၀၀ ကို ၎င်းတို့၏ အလွတ်သဘော အခြေချနေထိုင်သည့် နေရာများမှ အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခဲ့သည်။[24] မြန်မာစစ်တပ်၏ မြေသိမ်းမှု တိုးမြင့်လာခြင်းနှင့် နိုင်ငံရေး အတိုက်အခံများ၊ ၎င်းတို့၏ မိသားစုဝင်များ အပေါ် ဖိနှိပ်ညှင်းပန်းရန် အလို့ငှာ ၎င်းတို့၏ ပိုင်ဆိုင်မှုများ သိမ်းယူသည့် နည်းလမ်းအား ပိုမို အသုံးချလာသောကြောင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများက ပိုမို စိုးရိမ်ပူပန်လာရပါသည်။

၆၀။ ထို့အပြင် သတ္တုတွင်း တူးဖော်ခြင်းနှင့် အခြား သဘာဝ သယံဇာတ ထုတ်ယူခြင်း လုပ်ငန်းများသည် သင့်လျော်သော စည်းမျဉ်းစည်းကမ်းများ မရှိဘဲ အားကောင်းလာနေစဉ် နိုင်ငံတွင်း တရားဥပဒေ စိုးမိုးရေး ပြိုလဲခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်စေပါသည်။ ယခုအခါ မြန်မာစစ်တပ်သည် သဘာဝ ပတ်ဝန်းကျင်အား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအား ဦးစားပေးခြင်းထက် လယ်ယာ စီးပွားနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းစဉ်များအား ဆောင်ရွက်ရန် အထိန်းအကွပ် မရှိ၊ အပြည့်အဝ နီးပါး လုပ်ပိုင်ခွင့် ရရှိနေပြီ ဖြစ်ရာ အာဏာသိမ်းပြီးနောက်ပိုင်း ဘေးထွက်ဆိုးကျိုး ရှိသော မြေယာလုပ်ပိုင်ခွင့်များ တိုးမြင့်ချထားလာပြီး ဆိုးကျိုးများ သိသိသာသာ ဖြစ်ပေါ်စေပါသည်။[25]

၆၁။ ကျန်းမာရေး လုပ်သားများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့ သယ်ယူလာသူများအား တရားလက်လွတ် ဖမ်းဆီးခြင်း၊ လမ်းတလျှောက်တွင် အရံအတားများ ချမှတ်ခြင်းနှင့် သွားလာခွင့်နှင့် ဆက်စပ်၍ ခွဲခြားဆက်ဆံမှု ရှိသော ဗျူရိုကရေစီ စည်းကမ်းများအား အာဏာရှင် အဖွဲ့အစည်းက ချမှတ်ထားခြင်းအားဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ရရှိနိုင်ရေး အတွက်

[22] https://www.worldbank.org/en/country/myanmar/publication/myanmar-economic-monitor-july-2022-reforms-reversed

[23] https://www.fatf-gafi.org/content/fatf-gafi/en/publications/Fatfgeneral/Outcomes-fatf-plenary-october-2022.html

[24] https://www.ohchr.org/en/press-releases/2022/12/myanmar-over-50000-exposed-forced-evictions-and-housing-destruction-say-un

[25] https://www.aljazeera.com/news/2022/12/14/afraid-of-the-gun-military-coup-fuels-myanmar-resource-grab; https://www.thethirdpole.net/en/climate/environment-ignored-as-myanmar-struggles-with-coup/; https://www.eastasiaforum.org/2023/02/13/myanmars-arrested-environmental-activism/. A/HRC/51/41 အစီရင်ခံစာ၏ အပိုဒ် ၅၄-၆၁ အား ကြည့်ပါ။

သွားလာမှုအား အကန့်အသတ် ဖြစ်စေခြင်း သာမက ဆေးဝါးပစ္စည်းများအား သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်းတို့ ရှိကြောင်း အင်တာဗျူး ဖြေဆိုသူများက အစီရင်ခံ တင်ပြကြသည်။

၆၂။ ၂၀၂၁ ခုနှစ်၊ ဖေဖဝါရီလမှစ၍ ထောက်ပံ့ရေးကွင်းဆက် ပြတ်တောက်မှုကြောင့် စားသောက်ကုန်နှင့် လောင်စာဆီ ဈေးနှုန်းများ မြင့်တက်လာရာ မြန်မာနိုင်ငံအတွင်း စားနပ်ရိက္ခာ ဖူလုံမှု အခြေအနေသည် သိသိသာသာ ဆိုးရွားလာပါသည်။ စက်တင်ဘာလအထိ စာရင်းများ အရ လူပေါင်း ၁၅.၂ သန်းခန့်သည် စားနပ်ရိက္ခာ မဖူလုံမှုအား ကြုံတွေ့နေရပါသည်။ အကြမ်းဖက်မှုနှင့် ပဋိပက္ခဒဏ်သင့်သော ဒေသများတွင် မြန်မာစစ်တပ်သည် ပစ္စည်းများ ထောက်ပံ့ပို့ဆောင်သည့် လမ်းကြောင်းများတွင် ပိတ်ဆို့တားဆီးခြင်းနှင့် ကုန်ဈေးနှုန်း မြင့်တင်၍ ကုန်ပစ္စည်း သယ်ယူမှုအား အားနည်းစေခြင်းဖြင့် လူထု၏ စားနပ်ရိက္ခာ ရယူအား အနှောင့်အယှက်ပေးနေကြောင်း သတင်းရင်းမြစ်များက အလေးပေး ဖော်ပြကြပါသည်။ မြန်မာစစ်သားများသည် စားနပ်ရိက္ခာများ သိမ်းယူခြင်း၊ စားနပ်ရိက္ခာ သိုလှောင်ရုံများအား ဖျက်ဆီးခြင်းနှင့် မွေးမြူရေး တိရစ္ဆာန်များအား သတ်ဖြတ်သွားခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ အရပ်သားလူထု ရှင်သန်ရပ်တည်ရေး အတွက် မရှိမဖြစ် လိုအပ်သော အရာဝတ္ထု၊ အဆောက်အအုံများအား ပစ်မှတ်ထား တိုက်ခိုက်သည့် စစ်ရေး နည်းလမ်းကြောင့် ငတ်မွတ်ခေါင်းပါးမှုအား ဦးတည်သွားနိုင်ပါသည်။

၆၃။ ပညာသင်ကြားခွင့် ရရှိရေးမှာလည်း စိန်ခေါ်မှု အခက်အခဲ အဖြစ် ဆက်လက် ရှိနေပါသည်။ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပညာရေး ဝန်ထမ်း အချိုးအစား၏ ပမာဏ သိသိသာသာ ပါဝင်သွားကြရာ ခန့်မှန်းခြေ ကလေးသူငယ် ၃.၇ သန်းသည် စစ်အာဏာရှင်၏ ပညာရေး စနစ်၌ ပညာမသင်ယူကြတော့ပေ။ နိုဝင်ဘာလထုတ် ကုလသမဂ္ဂ စာရင်းများ အရ ၂၀၂၂ ခုနှစ် အတွင်း စာသင်ကျောင်းများနှင့် ပညာရေး ဝန်ထမ်းများ အပေါ် တိုက်ခိုက်မှုသည် အနည်းဆုံး ၁၇၅ ကြိမ် ရှိခဲ့ကာ ယမန်နှစ်များနှင့် နှိုင်းယှဉ်ပါက နှစ်ဆတိုးခဲ့ကြောင်း၊ ဥပမာ အားဖြင့် ဩဂုတ်လတွင် မကွေးတိုင်း၌ ကျောင်းဆရာ တစ်ဦးအား ခေါင်းဖြတ်သတ်ခြင်းနှင့် စက်တင်ဘာလ အတွင်း စစ်ကိုင်းတိုင်းရှိ စာသင်ကျောင်း တစ်ခု အပေါ် လေကြောင်း တိုက်ခိုက်မှုများ ရှိခဲ့ကြောင်း၊ ထိုသို့သော အခင်းအကျင်းများကြောင့် စာသင်ကျောင်းများအား စစ်ရေး ရည်မှန်းချက် အဖြစ် အသုံးချလာမှု ပိုတိုးလာခြင်း အပေါ် အထူး စိုးရိမ်မိပါသည်။ ထိုသို့ စာသင်ကျောင်းများ အပေါ် တိုက်ခိုက်မှုများ၏ အနည်းဆုံး ထက်ဝက်ခန့်သည် မြန်မာစစ်တပ်နှင့် ၎င်း၏ အပေါင်းအပါ ပြည်သူ့စစ်များတွင် တာဝန်ရှိကြောင်း ယူဆနိုင်ပြီး မြန်မာစစ်တပ်က စာသင်ကျောင်း အဆောက်အအုံများအား အသုံးပြုခြင်းကြောင့် စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များက ၎င်းစာသင်ကျောင်းများအား ပစ်မှတ်ထား တိုက်ခိုက်စေမည့် အခြေအနေသို့ ဦးတည်စေပါသည်။

## ၄။ တာဝန်ခံမှုရှိရေး

၆၄။ တာဝန်ခံမှုရှိရေးနှင့် ဆက်စပ်သည့် တိုးတက်မှုသည် မြန်မာနိုင်ငံ ပြင်ပရှိ တရားရေး စနစ်၏ ပမာဏ ဆောင်ရွက်ချက်များ အပေါ်တွင် အဓိက မူတည်နေပါသည်။ မြန်မာစစ်တပ်သည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့နယ်အချို့တွင် စစ်အုပ်ချုပ်ရေး ကျင့်သုံးခြင်းနှင့် တံခါးပိတ် အမှုစစ်သည့် အထူးခုံရုံးများ ဖန်တီးခြင်းတို့ အပါအဝင် ပုံမှန် တရားရေး စနစ်အား ၎င်း၏ ကိုယ်ပိုင် ဖွဲ့စည်းအုပ်ချုပ်ပုံများနှင့် ပုံမှန်ဆောင်ရွက်နေသည့် မူဘောင်များအတွင်း သွပ်သွင်းကာ တရားရေးစနစ် လုပ်ငန်းစဉ်များအား ချုပ်ကိုင်ပြီး နိုင်ငံရေးအရ အသုံးချနေပါသည်။ အခြား တစ်ဖက်တွင် ‘အမျိုးသား ညီညွတ်ရေး အစိုးရ’၏ တရားရေး ဝန်ကြီးဌာနသည် မြို့နယ် တရားရုံး ၂၄ ရုံးအား တည်ထောင်ခဲ့ပြီး ၎င်းမြို့နယ် တရားရုံး တစ်ခုစီတွင် တရားသူကြီး သုံးဦးမှ ငါးဦး အထိ ခန့်အပ်ခြင်းဖြင့် နိုဝင်ဘာလ အထိ စာရင်းများ အရ စုစုပေါင်း တရားသူကြီး ၁၁၂ ဦး၊ ဥပဒေ အရာရှိ ၂၄ ဦးနှင့် အကျဉ်းဦးစီး ဌာန ဝန်ထမ်း ၇၃ ဦးတို့အား ခန့်အပ်ထားပါသည်။ OHCHR သည် အဆိုပါ တရားရုံးများ၏ တရားရေး လုပ်ထုံးလုပ်နည်းများအား တိုက်ရိုက် စောင့်ကြည့်လေ့လာမှု မပြုရသေးပေ။

၆၅။ နိုင်ငံတကာအဆင့်တွင် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင် အပြည်ပြည်ဆိုင်ရာ တရားရုံးသည် ဂမ်ဘီယာ နိုင်ငံမှ တရားစွဲဆိုသည့် အမှုနှင့် ဆက်စပ်၍ တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် အမှုလက်ခံနိုင်မှုအား မြန်မာနိုင်ငံဘက်မှ ပမာဏ ကန့်ကွက်ချက်များကို ပယ်ချခဲ့ပြီး အမှုတွဲအား တရားရုံးက လက်ခံခဲ့သည်။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်ကတည်းက မြန်မာနိုင်ငံအတွင်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ အတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး၏ စီရင်ပိုင်ခွင့်အား လက်ခံကြောင်း ရေးသားဖော်ပြထားသည့် ‘အမျိုးသား ညီညွတ်ရေး အစိုးရ’၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ထုတ်ပြန်ချက်အား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးက လူသိရှင်ကြား ပြန်လည် ဖြေကြားခြင်း မရှိသေးပေ။ တချိန်တည်းမှာပင် နောက်ထပ် တတိယမြောက် နိုင်ငံ တစ်ခုသည် နိုင်ငံတော် အဆင့် ခြေလှမ်းများအား ချမှတ်ဆောင်ရွက်နေပြီ ဖြစ်သည်။ ၂၀၂၂ ခုနှစ်၊ မတ်လ၊ ၂၉ ရက်နေ့တွင် အမှုတွဲ တစ်ခုအား အပြည်ပြည်ဆိုင်ရာ စီရင်ပိုင်ခွင့် အခြေခံမှု အပေါ် အခြေခံ၍ တူရကီ ရာဇဝတ်ခုံရုံးသို့ တင်သွင်းခဲ့သည်။ ဤအစီရင်ခံစာအား ရေးသားတင်သွင်းသည့် အချိန်တွင် တူရကီ တရားရုံးက ၎င်းအမှုတွဲအား လက်ခံခြင်း ရှိမရှိကို ထုတ်ပြန် အကြောင်းကြားခြင်း မရှိသေးပေ။ အလားတူ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံမှ လျှောက်ထားသူ ၁၆ ဦးသည် ဂျာမနီ နိုင်ငံ၏ ဖက်ဒရယ်ပြည်ထောင်စု အစိုးရ ရှေ့နေချုပ်သို့ မြန်မာစစ်တပ်၏ အကြီးတန်း စစ်ဘက် အရာရှိများအား တရားစွဲဆို တိုင်ကြားခဲ့သည်။

၆၆။ အရေးယူမှုမှ ကင်းလွတ်ခြင်းသည် တိုင်းပြည်၏ လက်ရှိ အကျပ်အတည်း၏ အဓိက အကြောင်းအရင်း ဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များ၌ မြန်မာစစ်တပ်သည် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများ အကြိမ်ကြိမ် ကျူးလွန်ခဲ့သော်လည်း အကြီးလေးဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နိုင်ငံတကာ ရာဇဝတ်ဥပဒေအား ချိုးဖောက်မှုတို့ အတွက် ဥပဒေ လမ်းကြောင်းအရ တာဝန်ခံမှု ရှိရမည့် ကြိုးပမ်းမှုမှန်သမျှအား ရှောင်ရှားနေဆဲ ဖြစ်ပါသည်။ တာဝန်ခံမှု ရှိရေးသည် နေရာအနှံ့ ကျယ်ကျယ်ပြန့်ပြန့်၊ ဆက်တိုက်ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများအား တားဆီးရန်နှင့် အဆိုပါ ရာဇဝတ်မှုများ ထပ်မံ မဖြစ်ပွားစေရန် တားဆီးမည့် ရေရှည် ဖြေရှင်းချက် အတွက် အရေးကြီးလှပါသည်။

၆၇။ ယခင် အစီရင်ခံစာများတွင် ဖော်ပြသကဲ့သို့ပင် လက်ရှိ အခြေအနေတွင်လည်း အရပ်ဘက် ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ အခွင့်အရေးများ စသည့် နယ်ပယ်များ

လွှမ်းခြုံပါဝင်သည့် လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စဉ် အများအပြားမှာ ပုံမှန်အတိုင်း ဆက်လက်ဖြစ်ပွားနေပါသည်။ မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော ဤချိုးဖောက်မှုများမှ အချို့မှာ လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု[26] အဖြစ် သတ်မှတ်နိုင်သည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များ ရှိနေပြီး ၎င်းပြစ်မှုများမှာ အထူးသဖြင့် လူသတ်မှု၊ အဓမ္မ လွှဲပြောင်းခြင်း၊ အကျဉ်းချခြင်း သို့မဟုတ် နိုင်ငံတကာ ဥပဒေပါ အခြေခံ စည်းမျဉ်းများအား ချိုးဖောက်ရာ ရောက်သည့် ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့် ဆုံးရှုံးစေခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အဓမ္မကျင့်ခြင်း၊ နိုင်ငံရေး အရ ခွဲခြားသတ်မှတ်နိုင်သော အုပ်စု သို့မဟုတ် အစုအဖွဲ့အား ဖိနှိပ်ညှင်းပန်းခြင်း၊ အဓမ္မ အစဖျောက်ခြင်းနှင့် ကြီးစွာသော ဒုက္ခဝေဒနာနှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာ ရစေနိုင်သည့် အခြား လူမဆန်သော လုပ်ရပ်များ ပါဝင်ပါသည်။

၆၈။ ၎င်းလုပ်ရပ်များမှ အချို့သည် လက်နက်ကိုင် ပဋိပက္ခ အခြေအနေများနှင့် စပ်လျဉ်း၍ ကျူးလွန်သည့် အခါမျိုးတွင် ၎င်းရာဇဝတ်မှုများအား စစ်ရာဇဝတ်အဖြစ် သတ်မှတ်နိုင်ပါသည်။ ထိုလုပ်ရပ်များတွင် အရပ်သားများနှင့် ကာကွယ်စောင့်ရှောက်ရမည့် အဆောက်အအုံ ရုပ်ဝတ္ထုများအား တိုက်ခိုက်မှု၊ သတ်ဖြတ်ခြင်း၊ ကိုယ်ခန္ဓာ အစိတ်အပိုင်း ဖြတ်တောက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ရက်စက်စွာ ဆက်ဆံခြင်း၊ လူ့ဂုဏ်သိက္ခာအား စော်ကားခြင်း၊ ဓားစာခံ ဖမ်းဆီးခြင်း၊ တရားမျှတသော လုပ်ထုံးလုပ်နည်း အတိုင်း မဆောင်ရွက်ဘဲ ကွပ်မျက်ခြင်း၊ အရပ်သားများ နေရပ်စွန့်ခွာအောင် လုပ်ခြင်း၊ အင်တိဘေး ဆိုက်စေခြင်းနှင့် ဥစ္စာပစ္စည်းများအား ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်း စသည်တို့ ပါဝင်ပါသည်။[27]

# ၅။ နိဂုံးချုပ်နှင့် အကြံပြုတိုက်တွန်းချက်များ

၇၀။ **မြန်မာစစ်တပ် အာဏာသိမ်းသည့် ဒုတိယနှစ်တွင် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ လူ့အခွင့်အရေး အခြေအနေမှာ ပိုမို ဆိုးရွားလာကာ နိုင်ငံအနှံ့ နေ့စဉ်နှင့်အမျှ ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြား ဖြစ်ပွားလျက် ရှိပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူလူထု တစ်ရပ်လုံးသည် သတ်ဖြတ်မှု၊ အဓမ္မ အစဖျောက်မှု၊ နေရပ်စွန့်ခွာ တိမ်းရှောင်ရမှု၊ ညှင်းပန်းနှိပ်စက်မှု၊ တရားလက်လွတ် ဖမ်းဆီးမှုနှင့် လိင်အကြမ်းဖက်မှု အပါအဝင် အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများ၏ အန္တရာယ်ကို စဉ်ဆက်မပြတ် ကြုံတွေ့နေရပါသည်။ မြန်မာစစ်တပ်နှင့် ၎င်း၏ အပေါင်းအပါ ပြည်သူ့စစ်များသည် လူ့အခွင့်အရေး ချိုးဖောက်မှု အများစု အတွက် တာဝန်ရှိသည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များ ရှိပြီး အချို့မှာ လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများ ဖြစ်နိုင်ပါသည်။**

၇၁။ **မြန်မာစစ်တပ်ကို ဆန့်ကျင်သော အင်အားစုများသည်လည်း အထူးသဖြင့် တိုက်ခိုက်ရေးနှင့် မဆက်စပ်သော အရာရှိများ၊ ၎င်းတို့၏ မိသားစုဝင်များ သို့မဟုတ် စစ်တပ်အား တစ်နည်းနည်းဖြင့် "ကူညီထောက်ပံ့သည်"ဟု ထင်မှတ်သည့် သူများအပေါ် ပစ်မှတ်သတ်ဖြတ်ခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နေပါသည်။ အရပ်သားများအား ဦးတည်ပစ်မှတ်ထားသည့် အကြမ်းဖက်မှုသည် လူ့အခွင့်အရေး အခြေခံမှုများအား ချိုးဖောက်ခြင်း ဖြစ်ပြီး အချို့နေရာများတွင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေအား ချိုးဖောက်မှု အဖြစ် မှတ်ယူနိုင်ပါသည်။ မြန်မာစစ်တပ် ဆန့်ကျင်ရေး အဖွဲ့များ၏ လူ့အခွင့်အရေး ချိုးဖောက်မှု ဆိုင်ရာ အစီရင်ခံ တိုင်ကြားချက်များ တိုးပွားလာနေသော်လည်း ၎င်းတို့သည် "အကြမ်းဖက်မှု ဆန့်ကျင်ရေး"**

[26] https://www.ohchr.org/sites/default/files/2022-03/A_HRC_49_72_AdvanceEditedVersion.docx

[27] စစ်ကိုင်းတိုင်းရှိ ရာဇဝတ်မှုများကို ကြည့်လျှင် အနောက်မြောက်ပိုင်း စစ်တိုင်းမှူး၊ ဗိုလ်မှူးကြီး သန်းထိုက်အား ဇန်နဝါရီလ ၆ ရက်နေ့က ခန့်အပ်ပြီးနောက်တွင် လူ့အခွင့်အရေး အခြေအနေမှာ သိသိသာသာ ဆိုးရွားလာကြောင်း ထင်ရှားပါသည်။

အမည်ဖြင့် မြန်မာစစ်တပ်မှ ကျူးလွန်နေသည့် ဥပဒေမဲ့ လုပ်ရပ်များအတွက် ဆင်ခြေပေးနိုင်မည့် အကြောင်းပြချက် မရှိသလို ၎င်းတို့၏ ချိုးဖောက်မှုများသည် မြန်မာစစ်တပ်မှ ကျူးလွန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကဲ့သို့ ပြင်းထန်ခြင်း သို့မဟုတ် ကျယ်ပြန့်ခြင်း မရှိပေ။

၇၂။ မြန်မာစစ်တပ်သည် အကျပ်အတည်းအား စစ်ရေးအရ အဖြေရှာခြင်းနှင့် နိုင်ငံရေး ဇွေစပ်ညှိနှိုင်းမှု အတွက် နားထောင်ဆွေးနွေးမည့် နေရာပေးရန် ငြင်းဆန်ခြင်းတို့မှာ စိုးရိမ်ဖွယ်ရာ ကောင်းနေပြီး ထိုအခြေအနေများကြောင့် နိုင်ငံအဝှမ်းရှိ ရပ်ရွာလူထု အသိုက်အဝန်းများ အကြား စစ်တပ်ဆန့်ကျင်သည့် သဘောထား တုံ့ပြန်မှုများ ဖြစ်စေပါသည်။ နှစ်နှစ်ကျော်ကြာ အကြမ်းဖက်မှုများကြောင့် ပြည်သူလူထုသည် ထိခိုက်ဆုံးရှုံး များစွာကြုံတွေ့ခဲ့ရပြီး အစိုးရ အဖွဲ့အစည်းများမှာလည်း အားနည်းစေကာ စီးပွားရေး ဆုတ်ယုတ်ခြင်းနှင့် နိုင်ငံ့ လူဦးရေ ထက်ဝက်နီးပါးကို ဆင်းရဲတွင်းထဲသို့ ဆွဲချခြင်းတို့ ဖြစ်စေခဲ့ပါသည်။ သီးခြားလွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး အဖွဲ့ (IIMM) ၏ ပဉ္စမ အကြံပြုချက်များမှ တစ်ခုအား ဆိုရလျှင် မြန်မာနိုင်ငံ၏ အနာဂတ်သည် မြန်မာစစ်တပ်အပေါ် တာဝန်ခံမှု ရှိစေခြင်းနှင့် ၎င်းအား ထိရောက်သော အရပ်သား ထိန်းချုပ်မှု အောက်တွင် ထားရှိခြင်း အပေါ် အဓိက မူတည်ပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်၌ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်စပ်၍ ဘက်လိုက်မှုမရှိဘဲ သီးခြားလွတ်လပ်သည့် တရားရေး လုပ်ငန်းစဉ်များမှာ မရှိမဖြစ် လိုအပ်ပါသည်။

၇၃။ မြန်မာနိုင်ငံအတွင်း ကြီးစွာသော မလုံခြုံမှုများနှင့် နိုင်ငံအဝှမ်း အကွဲအပြဲ နက်ရှိုင်းနေသည့် အပြင် အတိုက်အခံ နိုင်ငံရေး ပါတီများအား ချန်လှပ်ထားသော်လည်း မြန်မာစစ်တပ်သည် ၂၀၂၃ ခုနှစ်၌ ရွေးကောက်ပွဲ တစ်ရပ် ကျင်းပရန် ရည်ရွယ်ထားကြောင်း ထုတ်ဖော်ကြေညာခဲ့ပါသည်။ လက်ရှိ အခြေအနေ အရ ဖော်ပြပါ အခင်းအကျင်းမျိုးတွင် ရွေးကောက်ပွဲ တစ်ရပ် ကျင်းပရန် ကြိုးပမ်းခြင်းသည် လူထုအကြား မကျေနပ်မှုများအား နက်ရှိုင်းစေပြီး ပြည်သူလူထုသည် လုံခြုံရေး အန္တရာယ်ကို ပိုမို ကြုံတွေ့လာရနိုင်ပါသည်။ ထိုရွေးကောက်ရေး ဆိုင်ရာ လုပ်ငန်းစဉ်သည် သီးခြားလွတ်လပ်ကာ တရားမျှတပြီး ပြည်သူလူထု၏ ဒီမိုကရေစီနည်းကျ ဆန္ဒမဲပေး ရွေးချယ်မှုအပေါ် မည်သို့ ထင်ဟပ်နိုင်မည်ကို လက်ရှိအချိန်တွင် မှန်းဆရန် ခက်ခဲလှပါသည်။

၇၄။ အထက်ဖော်ပြပါ တွေ့ရှိချက်များအရ မြန်မာစစ်တပ် အာဏာပိုင်များထံ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက ဖော်ပြပါအချက်များအား အကြံပြုထားပါသည်။

(က) ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် S/RES/2669(2022) နှင့် အာဆီယံ၏ ဘုံသဘောတူညီချက် ငါးရပ်နှင့် အညီ မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများ အပေါ် ဦးတည်ပစ်မှတ်ထားသော အကြမ်းဖက်မှုနှင့် တိုက်ခိုက်မှု အားလုံးကို ချက်ချင်း ရပ်တန့်ပါ။ လက်ရှိ အကျပ်အတည်းအား အဆုံးသတ်နိုင်သော တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်စေရန် မြန်မာ စစ်တပ်၏ စစ်ဆင်ရေးများအား မဖြစ်မနေ ရပ်တန့်ပါ။

(ခ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် ဆိုင်ရာ အခွင့်အရေးများကို ကျင့်သုံးခြင်းကြောင့် တရားလက်လွတ် ဖမ်းဆီးခံရသူများ၊ တရားစွဲခံရသူများ နှင့်/သို့မဟုတ် ပြစ်ဒဏ်ချခံရသူများ အားလုံးကို ချက်ချင်း လွှတ်ပေးပါ။ ဒီမိုကရေစီ နည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရ အဖွဲ့ဝင်များ၊ နိုင်ငံရေး ပါတီဝင်များ၊ အရပ်ဘက် လူမှု အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေး ကာကွယ်သူများနှင့် စစ်တပ်၏ သြဇာအာဏာအား ဆန့်ကျင်ဆန္ဒဖော်ထုတ်ကြသူများ အားလုံးကို ပစ်မှတ်ထားခြင်းများ အပါအဝင် နိုင်ငံရေး အရ ဖိနှိပ်ညှဉ်းပန်းမှုများအား ရပ်ဆိုင်းပါ။

(ဂ) အသက်ကယ်ဆယ်သည့် လူသားချင်း စာနာထောက်ထားမှု အကူအညီနှင့် ဝန်ဆောင်မှုများ ပေးပို့နေသော အရပ်ဘက် လူမှု အဖွဲ့အစည်းများကို ကန့်သတ်ပိတ်ပင်သည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) ရိုဟင်ဂျာ လူမှုအသိုက်အဝန်းအား ပစ်မှတ်ထားသည့် လူသတ်မှု၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းစေမှုနှင့် ဖမ်းဆီးခြင်း၊ နှောင့်ယှက်ခြင်း အပါအဝင် အခြား မည်သည့် လုပ်ရပ်ကိုမဆို ချက်ချင်း ရှောင်ကြဉ်ပါ။ အပြည်ပြည်ဆိုင်ရာ တရားရုံးမှ ညွှန်ကြားထားသည့် အရေးပေါ် အစီအမံများအား အပြည့်အဝ ဆက်လက် လိုက်နာဆောင်ရွက်ပါ။

၇၅။ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ အစုအဖွဲ့ အားလုံးထံ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက ဖော်ပြပါ အချက်များအား ဆက်လက် အကြံပြု တိုက်တွန်းထားပါသည်။

(က) သက်ဆိုင်သော နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအား အပြည့်အဝ လိုက်နာပါ။ အရပ်သားများအား အကာအကွယ်ပေးရေး အစီအမံများ ပါဝင်သော အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေအား လိုက်နာကျင့်သုံးပါ။

(ခ) လူထုအတွက် ကယ်ဆယ်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အကူအညီ လိုအပ်နေသူ အားလုံးထံသို့ နိုင်ငံတကာနှင့် နိုင်ငံအဆင့် အဖွဲ့အစည်းများက လူသားချင်း စာနာမှု အကူအညီများအား အပြည့်အဝ၊ အကန့်အသတ်မရှိ၊ ကြိုတင်မှန်းဆနိုင်သော အခြေအနေဖြင့် သွားရောက်ပေးဝေနိုင်ရေး အတွက် ခွင့်ပြုပါ။

(ဂ) အနာဂတ်တွင် တရားမျှတရေး လုပ်ငန်းစဉ်များအား ပံ့ပိုးပေးနိုင်ရန် အလို့ငှာ မြန်မာနိုင်ငံ၏ အရပ်သား လူထု အပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် ဆက်စပ်သည့် သက်သေအထောက်အထားများ စုဆောင်ခြင်း လုပ်ငန်းစဉ်များကို ကူညီပေးနိုင်ရန် အတွက် သက်ဆိုင်ရာ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့နှင့် တာဝန်ခံမှု စနစ်ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ပါ။

၇၆။ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် မြန်မာနိုင်ငံ အတွင်းရှိ လက်ရှိ အခြေအနေ အပြည့်အစုံအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးမည့် ခြေလှမ်းများ ချမှတ်ဆောင်ရွက်ရန်၊ ထိုသို့ လွှဲပြောင်းပေးခြင်းဖြင့် တရားရုံးတွင် လက်ရှိ အကန့်အသတ်ရှိသော၊ နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ရသည့် စုံစမ်းစစ်ဆေးရေး အပေါ် ပံ့ပိုးပေးရာရောက်ပြီး လုံခြုံရေး ကောင်စီ၊ အာဆီယံနှင့် အခြား အဖွဲ့ဝင်များ၊ အထူးသဖြင့် ဩဇာရှိသူများ အနေဖြင့် အောက်ဖော်ပြပါ အချက်များအား ဆောင်ရွက်ရန် လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက အကြံပြု တိုက်တွန်းထားပါသည်။

(က) လူ့အခွင့်အရေး အခြေအနေ ဆက်လက် ဆိုးရွားလာနေသည်နှင့် အညီ မြေပြင်ရှိ ဖြစ်စဉ်များအား တိကျစွာ အာရုံစိုက် လေ့လာပါ။ မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ၌ လူ့အခွင့်အရေး ဆိုင်ရာ မှတ်တမ်း ပြုစုခြင်းနှင့် တာဝန်ခံမှု ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ အတွက် ရေရှည်တည်တံ့သော ကူညီပံ့ပိုးမှုများ ပေးပါ။

(ခ) မြန်မာလူထု တစ်ရပ်လုံး အတွက် တရားဥပဒေ စိုးမိုးရေးကို အလေးထားသည့်၊ လူ့အခွင့်အရေးကို ကာကွယ်နိုင်သည့် အဖွဲ့အစည်းများဖြင့် ဒီမိုကရေစီ အနာဂတ် တစ်ရပ်အား ပြန်လည် ဖော်ဆောင်နိုင်ရန် အလို့ငှာ မြန်မာလူထု၏ ဆန္ဒကို အသိအမှတ်ပြု၊ လေးစားသော နိုင်ငံရေး ဖြေရှင်းနည်းအား အားပေးမြှင့်တင်ပါ။

(ဂ) ရွေးကောက်ပွဲတွင် နိုင်ငံရေး ပါတီအားလုံး ပါဝင်နိုင်ခွင့်နှင့် မြန်မာပြည်သူများ ဘေးကင်းလုံခြုံစွာ ထိထိရောက်ရောက် ပါဝင်နိုင်ရေး အတွက် စီစဉ်ထားသော စနစ်များ အပါအဝင်

လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ရလဒ်အား ဆောင်ကြဉ်းပေးမည့် လိုအပ်သော အခြေအနေများ ကင်းမဲ့နေသော မည်သည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို မဆို အားပေးပံ့ပိုးခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) ရိုဟင်ဂျာများ အတွက် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် လူသားချင်း စာနာမှု လုပ်ငန်းစဉ်များအား ဆက်လက် ရံပုံငွေ ထောက်ပံ့ပေးခြင်း၊ တတိယ နိုင်ငံများသို့ မိမိဆန္ဒအလျောက် ပြန်လည်နေရာချထားရေး မူဝါဒများ ရေးဆွဲခြင်း၊ အန္တရာယ် ရှိသော ပင်လယ်ပြင် ခရီးလမ်းဖြင့် သွားလာကြသူများအား ကယ်တင်ခြင်းနှင့် ခိုလှုံခွင့် ပေးခြင်းတို့အပြင် အတိတ်နှင့် လက်ရှိကာလတွင် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကြုံခဲ့ရသူများ အတွက် တာဝန်ခံပေးရန် တောင်းဆိုခြင်းအားဖြင့် ရိုဟင်ဂျာများ၏ အခွင့်အရေး အတွက် လက်တွေ့ဆောင်ရွက်ပါ။ ဆက်လက် အရေးဆို တိုက်တွန်းပါ။

(င) လူ့အခွင့်အရေးနှင့် အခြား အပြည်ပြည်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအား ချိုးဖောက်သည့် မြန်မာစစ်တပ် သို့မဟုတ် ၎င်းတို့၏ စစ်ဆင်ရေးများကို  တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပံ့ပိုးအားပေးခြင်းမှ ရှောင်ကြဉ်ရန် အလို့ငှာ ပုဂ္ဂလိကကုမ္ပဏီများ အပါအဝင် မည်သည့် အဖွဲ့အစည်း မဆို လူ့အခွင့်အရေး ဆိုင်ရာ စိစစ်လေ့လာရေး လုပ်ငန်းစဉ်အား လုပ်ဆောင်ပြီးကြောင်း သေချာစေပါ။

(စ) ကယ်ဆယ်ရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ လိုအပ်နေသော လူထုကို ကူညီပံ့ပိုးပေးနိုင်ရန်နှင့် ထိုသို့ ကူညီပေးနိုင်မည့် အဖွဲ့အစည်း စွမ်းဆောင်ရည်အား အားပေးမြှင့်တင်ရန် အလို့ငှာ ဒေသခံ လူသားချင်းစာနာမှု အဖွဲ့အစည်းများထံသို့ လိုက်လျောညီထွေရှိသော ရံပုံငွေကို တိုက်ရိုက် ပံ့ပိုးပေးပါ။

(ဆ) အရပ်သားများအား အကာအကွယ်ပေးရေး၊ အရပ်သား သေကြေဒဏ်ရာရမှုအား ကာကွယ်ရေးနှင့် ဖမ်းဆီးထိန်းသိမ်းရေး စခန်းများ၏ အခြေအနေများ အပါအဝင် မြန်မာနိုင်ငံ အတွင်းရှိ လူ့အခွင့်အရေး အခြေအနေအား သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှု မရှိသော စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပံ့ပိုးပေးနိုင်ရန် အလို့ငှာ OHCHR အား မြန်မာနိုင်ငံ အတွင်းသို့ ဝင်ခွင့်ပေးပါ။